# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၁)


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





မြန်မာနိုင်ငံ၌ ပြင်းထန်စွာလှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။

# မြန်မာနိုင်ငံ၌ ပြင်းထန်စွာလှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြုပြီး ပြင်းထန်စွာလှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများနှင့်ပတ်သက်၍ အကူအညီများပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီနှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း** — ပြည်တွင်းသတင်း — စာ ၇

**မြစ်တစ်စင်း၏ အသီးအပွင့်များ (သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ ...** — ဆောင်းပါး — စာ ၁၀



**ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ အကူအညီများ ပေးပို့** — နိုင်ငံတကာသတင်း — စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

---

❖ ယခုကဲ့သို့ မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း ပြောကြားပေးသည့်အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ အိန္ဒိယနိုင်ငံပြည်သူများ၏ စာနာထောက်ထားမှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

❖ လက်ရှိကာလတွင် လူ့အသက်များနှင့် ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသည့် မြန်မာနိုင်ငံသားများအနေဖြင့် တကယ့်ကိုခက်ခဲသည့်အခြေအနေကို ကျော်ဖြတ်နေရသည်ကို မိမိအနေဖြင့် အပြည့်အဝနားလည်ပြီး မိမိတို့အနေဖြင့် မြန်မာနိုင်ငံသားများနှင့်အတူတကွ စာနာထောက်ထားမှုအတူရှိနေပြီး အဆွေတော်တို့နှင့်အတူ အခိုင်အမာရပ်တည်လျက်ရှိ

❖ မြန်မာနိုင်ငံဘက်မှ လိုအပ်ချက်များကို မိမိတို့ထံ အသိပေးအကြောင်းကြား၍ အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်နိုင်သမျှအကူအညီများအားလုံးကို ပေးအပ်သွားမည်ဖြစ်၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အခက်အခဲများကို ဖြတ်ကျော်နေချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အတူတကွရှိနေသည်ကို ထပ်မံပြောကြားလို

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ

❖ ရှေ့ဖုံးမှ

ထိုသို့ပြောကြားရာတွင် ဦးစွာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က မိမိတို့အိန္ဒိယတစ်နိုင်ငံလုံးအနေဖြင့် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော ကြောက်မက်ဖွယ်ဆိုးရွားသည့် ငလျင်လှုပ်ခတ်ခဲ့မှုသတင်းကို ကြားသိခဲ့ရသည့်အတွက် အိန္ဒိယနိုင်ငံသားများအားလုံးအနေဖြင့် မြန်မာနိုင်ငံ၏ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် များစွာကြေကွဲဝမ်းနည်းရပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံနှင့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း ပြောကြားပေးသည့်အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ အိန္ဒိယနိုင်ငံပြည်သူများ၏ စာနာထောက်ထားမှုများအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

### ဆက်သွယ်ရေးလမ်းကြောင်းပြန်လည်ပြုပြင်

ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လက်ရှိအခြေအနေများနှင့် ပတ်သက်၍ မေးမြန်းရာနိုင်ငံတော်ဝန်ကြီးချုပ်က “ကျွန်တော်တို့ အခုတော့ထပ်မံလှုပ်ရှားမှုတော့ မရှိတော့ပါဘူး၊ သို့သော်လည်းပဲ Follow up လှုပ်တဲ့ငလျင်ငယ်လေးတွေတော့ လှုပ်ပါတယ်၊ ကျွန်တော်အခု ငလျင်အဓိက ဗဟိုချက်လှုပ်ခဲ့တဲ့ မန္တလေးမြို့ကို ရောက်နေပါတယ်၊ လက်ရှိသေဆုံးသူ ၁၀၀၂ ယောက်ရှိပါတယ်၊ ဒဏ်ရာရတဲ့သူ ၂၄၀၀ လောက်ရှိပါတယ်၊ ပျောက်နေတဲ့သူတွေတော့ရှိနေပါသေးတယ်၊ တိုက်တွေကြားထဲမှာ ပိနေတဲ့သူတွေ၊ ပျောက်နေတဲ့သူတွေတော့ ကျန်ပါသေးတယ်၊ ဒါတွေလည်း ကျွန်တော်တို့ ဆယ်တင်ရေးလုပ်ငန်းတွေ လုပ်နေပါသေးတယ်၊ ဒီထက်ပိုနိုင်ဖို့အလားအလာတော့ များပါတယ်၊ အဖြစ်အများဆုံးကတော့ လက်ရှိကျွန်တော်ရောက်နေတဲ့နေရာက အများဆုံးဖြစ်ပါတယ်၊ အဆွေတော်ရဲ့ အခုလိုအားပေးစကားပြောတာရယ်၊ သတင်းဌာနတွေမှာလည်း အဆွေတော်တို့ဘက်ကနေပြီးတော့ ကယ်ဆယ်ရေးပစ္စည်းတွေနဲ့ လူတွေလွှတ်ပြီဆိုတာကိုလည်းသိရတဲ့အတွက် ကျွန်တော်အားရှိပါတယ်၊ ကျွန်တော်တို့ပြန်လည်ကယ်ဆယ်ရေးလုပ်ငန်းပဲ အဓိကထားပြီးလုပ်နေပါတယ်၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်တာတွေကို ကျွန်တော်တို့လုပ်နေပါပြီ၊ ရန်ကုန်-နေပြည်တော်နှင့် မန္တလေးတို့အား ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ပြုပြင်ရေး လုပ်ငန်းများကို လုပ်နေပါပြီ။”

### စာနာထောက်ထားမှုအတူရှိနေ

ယင်းနောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က “ယခုကဲ့သို့ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့အနေဖြင့် လက်ရှိကာလတွင် ခက်ခက်ခဲခဲရင်ဆိုင်ကျော်ဖြတ်နေရသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့ အိန္ဒိယနိုင်ငံတွင်လည်း ၂၀၀၁ ခုနှစ်က အလားတူပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် လက်ရှိကာလတွင် လူ့အသက်များနှင့် ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသည့် မြန်မာနိုင်ငံသားများအနေဖြင့် တကယ့်ကိုခက်ခဲသည့် အခြေအနေကို ကျော်ဖြတ်နေရသည်ကို မိမိအနေဖြင့်အပြည့်အဝနားလည်ပြီး မိမိတို့အနေဖြင့် မြန်မာနိုင်ငံသားများနှင့် အတူတကွ စာနာထောက်ထားမှုအတူရှိနေပြီး အဆွေတော်တို့နှင့်အတူ အခိုင်အမာရပ်တည်လျက်ရှိပါကြောင်း” ဖြင့် ပြောကြားသည်။

### ကူညီမှုများ ဆောင်ရွက်ပေးသွားမည်

၎င်းနောက်ဆက်လက်ပြောကြားရာ၌ ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ထားသည့် လေယာဉ်သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး လာမည့်ရက်များတွင်လည်း မြန်မာနိုင်ငံဘက်မှလိုအပ်သည့် ကူညီမှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကူညီကယ်ဆယ်မှုများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတွင် အသင့်စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များကိုလည်း မြန်မာနိုင်ငံသို့ ဆောလျင်စွာ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ လိုအပ်ချက်များကို မိမိတို့ထံ အသိပေးအကြောင်းကြား၍ အိန္ဒိယနိုင်ငံအနေဖြင့် ဖြစ်နိုင်သမျှ အကူအညီများအားလုံးကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ အခက်အခဲများကို ဖြတ်ကျော်နေချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူတကွရှိနေသည်ကို ထပ်မံပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် ညီရင်းအစ်ကိုနိုင်ငံများဖြစ်သဖြင့် မြန်မာနိုင်ငံ၏ လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မကြာမီအချိန်ကာလအတွင်း တွေ့ဆုံဆွေးနွေးနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

### အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိ

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ကူညီဆောင်ရွက်ပေးမှုများနှင့် အားပေးမှုများအတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မကြာမီကာလအတွင်း အဆွေတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြားဆွေးနွေးရန် ကိစ္စရပ်များကို ဆွေးနွေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် မတ် ၂၉**

မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နန်းမြို့ရိုးတစ်လျှောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်အစောပိုင်းတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု များပြားခဲ့ရသည့် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရမှုများကို ရဟတ်ယာဉ်များဖြင့် ဦးစွာကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများ၌ အမြန်ဆုံး ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို စစ်ဘက်၊ အရပ်ဘက်မှ ဆေးမှူးပါရဂူများဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သေဆုံးခဲ့ရသူများကိုလည်း ကောင်းမွန်စွာဖြင့် သင်္ဂြိုဟ်ခြင်းများ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပျက်စီး ဆုံးရှုံးမှုများကြောင့် နေထိုင်ရန် အခက်အခဲရှိသူများကိုလည်း ကိုဗစ်-၁၉ ဖြစ်ပေါ်စဉ်ကကဲ့သို့ နေထိုင်ရန်နေရာများကို တာဝန်ရှိသူများက သက်ဆိုင်ရာ နေရာများအလိုက် အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများကိုလည်း အမြန်ဆုံး စနစ်တကျရှင်းလင်းမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ သက်တမ်းရင့် အဆောက်အအုံများအား အရည်အသွေး စစ်ဆေးခြင်း၊ အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင် သတ်မှတ်ခံနိုင်ရည် စံနှုန်းများနှင့်အညီ တည်ဆောက်စေရေးတို့ကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများ၌ ရေ၊ မီးနှင့် နေထိုင်ရန်နေရာများ အဆင်ပြေမှုရှိစေရေး၊ စားသောက်မှု အဆင်ပြေစေရေး အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လေယာဉ်ကွင်းနှင့် လေယာဉ်ပြေးလမ်းများကို အမြန်ဆုံး ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နန်းမြို့ရိုးတစ်လျှောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရမှု အခြေအနေများ၊ မန္တလေးမြို့အတွင်း အဆောက်အအုံနှင့် လမ်းများ ပျက်စီးခဲ့ရမှု၊ မန္တလေးတက္ကသိုလ် ပင်မဆောင် ပြိုကျပျက်စီးမှုနှင့် မီးလောင်ပျက်စီးခဲ့ရမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ပြန်လည်ဆယ်တင်ရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်သွားရန်၊ သင်ကြားရေး၊ ကျန်းမာရေး အဆောက်အအုံများအပြင် အဆောက်အအုံသစ်များ ပြန်လည်တည်ဆောက်ရာ၌ မြန်မြန်ဆန်ဆန်နှင့် ခိုင်ခိုင်မာမာဖြစ်စေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

## လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချမ်းမြသာစည်မြို့နယ်ရှိ လေဆိပ်အဟောင်းနေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးကုသမှုဆောင်ရွက်ပေးနိုင်ရေးအတွက် ယာယီဆေးရုံနှင့် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် နန်းမြို့ရိုးအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းအဆောက်အအုံများဖြစ်သော ပဟိုရ်စင်နှင့် စွယ်တော်စင်တို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စည်ရှည်တံခါးအနီး မြို့ရိုးနှင့် နန်းမြို့ရိုးတစ်လျှောက် ထိခိုက်ပျက်စီးနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**အမြန်ဆုံးဆောင်ရွက်ပေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ ပရိယတ္တိသာသနာဟိတအသင်းကြီး လေးထပ်တိုးချဲ့ဆောင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအကြား ပိတ်နေသည့် သံဃာတော်များအား ရှာဖွေကူညီရေးဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

သွားနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်း၍ လျင်လျင်မြန်မြန် ဆောင်ရွက်သွားရန်၊ ဆေးကုသမှုခံယူရာတွင် နေရာ အခက်အခဲဖြစ်ပေါ်နေမှုအား တပ်မတော်ဆေးရုံများနှင့် ယာယီဆေးရုံများ၌ ရွှေ့ပြောင်းကုသမှုပေးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ် ၇၃ x ၃၀ လမ်းထောင့်ရှိ ယာယီနေထိုင်ရေးစခန်းသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများ ပေးအပ်ကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်မဟာမြတ်မုနိဘုရားကြီး အရှေ့ဘက်တန်ဆောင်း ပြိုကျပျက်စီးနေမှု အခြေအနေများနှင့် စစ်ကိုင်း – မန္တလေးလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်း၀) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး မန္တလေး-မြစ်ကြီးနား ဆက်သွယ်ထားသော ရထားလမ်းသည် ယခုရထားလမ်းတစ်ခုတည်းသာ ရှိသဖြင့် အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဩဝါဒါစရိယ အကျိုးတော်ဆောင်ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၏ မိန့်ကြားတော်မူများကို နာယူကာ ရေ၊ မီး ကိစ္စများ အဆင်ပြေစေရေး၊ ပြိုကျပျက်စီးဆဲ အဆောက်အအုံများအား ဘေးပတ်ဝန်းကျင် ဘေးအန္တရာယ်မရှိစေရေးအတွက် အမြန်ဆုံးဖယ်ရှားရှင်းလင်းခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၊ တိုးချဲ့ဆောင်သို့ ရောက်ရှိကြပြီး လေးထပ်တိုးချဲ့ဆောင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေမှုနှင့် အပျက်အစီးများအကြား ပိတ်မိနေသည့် စာဖြေသံဃာတော်များအား ရှာဖွေကူညီရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်မြေသာဇံမြို့နယ်ရှိ Sky Villa နေရာသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ အများအပြားဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတံတား(အင်း၀) ရထားလမ်းကူးတံတား ပြိုကျပျက်စီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် သေဆုံး၊ ဒဏ်ရာရနှင့် ပျောက်ဆုံးစာရင်းများကို တိကျစွာ ရရှိနိုင်ရေး ဆက်လက်စိစစ်ကောက်ယူသွားရန်လိုကြောင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူများကို ဆေးရုံ၊ ဆေးခန်းများ၊ ယာယီဆေးရုံများအားလုံး ဖြန့်ခွဲ၍ မြန်မြန်ဆန်ဆန် ဆေးဝါးကုသမှုဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ တပ်ဘက်၊ အရပ်ဘက်ဆေးရုံများအားလုံး၊ ကျန်းမာရေးဝန်ထမ်းများအားလုံးက တက်ညီလက်ညီဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို အမြန်ဆန်ဆုံး စနစ်တကျဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘေးပတ်ဝန်းကျင်၌လည်း ဘေးအန္တရာယ်ကင်းရှင်းစေမည် ဖြစ်ကြောင်း၊ ယာယီနေထိုင်ရေး နေရာများ၌ နေထိုင် နေရသူများကိုလည်း စနစ်တကျရှိစေရေး ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့ရသည့် မန္တလေးတက္ကသိုလ်ပင်မဆောင်ကြီးကို မူလလက်ရာမပြတ် အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရန်လိုပြီး ခိုင်ခံ့မှုရှိရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုရှိသည့် ဒီဇိုင်းဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း၊ ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအတွက် စားရေး၊ နေရေးနှင့် အခြားလူမှုကိစ္စရပ်များ အဆင်ပြေစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်မြေသာဇံမြို့နယ်ရှိ Sky Villa ၌ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ငလျင်ဘေးဒဏ်ကြောင့် လေယာဉ်ပြေးလမ်း အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ရသင့်ရထိုက်သူများရရှိရေး**

ငလျင် ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများစွာကို သုံးစွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သန့်ရှင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မြန်မြန်ဆန်ဆန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျ စာရင်းပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး၊ မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို များစွာဆောင်ရွက်သွားရမည် ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ ပြန်ကြားရေးနှင့် အသိပညာပေးရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းရပ်များအလိုက် လိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အမြန်ဆုံးပြန်လည်ပြင်ဆင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများနှင့် စစ်ကိုင်းတံတား (အင်း၀) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် လေယာဉ်ပြေးလမ်း အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပျက်စီးနေသည့် နေရာများအား အမြန်ဆုံးပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**စာရင်းများဆက်လက်ကောက်ယူ**

လက်ရှိအချိန်အထိ နောက်ဆုံးကောက်ယူရရှိသော စာရင်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငလျင်ဒဏ်သင့်ခဲ့ရသည့် ဒေသများအားလုံး၌ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ စုစုပေါင်း ၁၆၄၄ ဦး၊ ဒဏ်ရာရရှိသူ စုစုပေါင်း ၃၄၀၈ ဦး၊ ပျောက်ဆုံးနေသူ ၁၃၉ ဦး ဖြစ်ကြောင်းနှင့် အသေးစိတ် စာရင်းများအား ဆက်လက်ကောက်ယူ လျက်ရှိသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူလိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တို့သည်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီဌာနမှ ထောက်ပံ့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံးများ ပေးအပ်စဉ်။



## သာယာဝတီမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၃၂ တင်းထွက်ရှိ

**သာယာဝတီ မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အသရော်ကျေးရွာအုပ်စု ရဲ+မြ လုပ်ငန်းစုမှ ဦးရဲခင်၏ နွေစပါးဆင်းသုခ စပါးမျိုးဧက ၃၀ စိုက်ခင်းတွင် မတ် ၂၆ ရက်က စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းသည်။

နွေစပါးစံကွက်ရိတ်သိမ်းရာနေရာသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အသရော်ကျေးရွာရှိ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း

**နေပြည်တော်   မတ်   ၂၉**

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့် အချိန်တွင် မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၂၀ ကီလိုမီတာခန့် အကွာ၌ အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အား အလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားခဲ့ပြီး စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များ အများအပြားဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ဖြစ်ပေါ်ခဲ့ရာတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်သည် လည်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် နောက်ဆက်တွဲအဖြစ် မီးလောင်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါ မီးလောင်မှုကြောင့် မန္တလေးတက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိ လျက်ရှိသည့် ၂၀၂၄ - ၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၄၆၉၄၄ ဦး၏ အဖြေလွှာအုပ်ရေ ၂၈၀၉၄၀ အုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူ ဦးရေ ၇၃၁၁ ဦး၏ အဖြေလွှာအုပ်ရေ ၄၃၈၂၇ အုပ်၊ ကချင်ပြည်နယ်မှ ဖြေဆိုသူဦးရေ ၈၆၉၉ ဦး၏ အဖြေလွှာအုပ်ရေ ၅၂၁၈၉ အုပ်တို့သည် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အဆိုပါ ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့သည့်အချိန်သည် စာစစ် လုပ်ငန်းများ လုပ်ဆောင်နေသည့်အချိန်ဖြစ်ပြီး စာစစ်လုပ်ငန်း ဆောင်ရွက်နေသူ ဆရာ၊ ဆရာမ ၂၆၇ ဦးခန့်သည် စာစစ်လုပ်ငန်းများ (Code လုပ်ငန်းဆောင်ရွက်နေချိန်)၌ ပြင်းထန်ငလျင် ဖြစ်ပေါ်ခဲ့သဖြင့် ပင်မဆောင်အောက်သို့ ပြေးထွက်တိမ်းရှောင်ခဲ့ကြရသည်။ ထို့နောက် ငလျင်လှုပ်ခတ်မှုမှ နောက်ဆက်တွဲမီးလောင်မှုများဖြစ်ပေါ်ခဲ့စဉ် မန္တလေးတက္ကသိုလ် ပင်မဆောင်ကြီးတစ်ခုလုံး မီးလောင်ပျက်စီးဆုံးရှုံး ခဲ့ရမှုနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာ များသည်လည်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း စိစစ် သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား အလျင်အမြန် စုံစမ်းစစ်ဆေးခြင်း၊ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများအား ဆောလျင်စွာ ဆောင်ရွက်ခြင်းတို့ ကိုဆောင်ရွက်လျက်ရှိပြီး မန္တလေးတက္ကသိုလ် ပင်မဆောင်သို့ ရောက်ရှိ လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာ များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ အများပြည်သူများ သိရှိနိုင်ရေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ခပေါင်းတံတား ချဉ်းကပ်လမ်းနှစ်ဖက် မြေနိမ့်ပျက်စီးမှုများ ပြန်လည်ပြုပြင်ပြီးစီး

နေပြည်တော် မတ် ၂၉

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန် ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားခဲ့မှုကြောင့် ပဲခူးတိုင်း ဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမ ကြီးပေါ် မိုင်တိုင်၊ ၁၄၅ ရှိ ခပေါင်းတံတားမှာ ချဉ်းကပ်လမ်း နှစ်ဖက်မြေကျွံပျက်စီး နိမ့်ကျ သွားခဲ့ကြောင်း သိရသည်။

**ဖြတ်သန်းသွားလာနိုင်ပြီ**

အဆိုပါ မြေကျွံနိမ့်ကျပျက်စီး ခဲ့၍ အများပြည်သူများ သွားလာ ရေး အခက်အခဲဖြစ်ပေါ်လျက်ရှိ သော ခပေါင်းတံတားအား သက်ဆိုင်ရာ လမ်း / တံတား တည်ဆောက်ရေးအဖွဲ့နှင့် တာဝန် ရှိသူများက သွားရောက်ကြည့်ရှု ခဲ့ပြီး အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ပြုပြင်မှုများကို ချက်ချင်း ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အဆိုပါ တံတားပေါ် မှ မော်တော်ယာဉ်ငယ်များဖြင့် အများပြည်သူများ ဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရ သည်။

**ပြင်ဆင်ဆောင်ရွက်**

အင်အား အလွန်ပြင်းထန် သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံ အနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်း/တံတား အဆောက်အအုံ များ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများ နှင့် သဘာဝဘေး ကူညီ ကယ်ဆယ်ရေးအဖွဲ့များက ပြည်သူ များ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက် ရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**





အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ခပေါင်းတံတား ချဉ်းကပ်လမ်းနှစ်ဖက် မြေနိမ့်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## မိတ္ထီလာခရိုင်၌ တိရစ္ဆာန်ဆေးကုသိပ္ပံ သင်တန်းသား သင်တန်းသူများ လက်တွေ့ကွင်းဆင်းလေ့ကျင့်ခြင်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ   မတ်   ၂၉**

မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ဆေးကုသိပ္ပံ (၁)နှစ် ဒီပလိုမာသင်တန်း မှ သင်တန်းသား သင်တန်းသူများ လက်တွေ့ကွင်းဆင်း လေ့ကျင့်ခြင်း ဖွင့်ပွဲကို မတ် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေး



မှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာ အောင်ထွန်းက တိရစ္ဆာန် ဆေးကုသိပ္ပံ (၁)နှစ် ဒီပလိုမာသင်တန်း လက်တွေ့ကွင်းဆင်း လေ့ကျင့် ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၅ ဦးဖြင့် ရန်ကုန် မြို့တွင် စာတွေ့အဖြစ် ၂၀၂၄ ခုနှစ် မေ ၂ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ ကိုးလကြာသင်ကြားခဲ့ပြီး လက်တွေ့လေ့ကျင့်သင်ကြား ခြင်းတို့ကို နေပြည်တော်တွင် ၂၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇ ဦးတို့ကို ဖေဖော်ဝါရီ ၂ ရက်မှ မေ ၅ ရက်အထိ သင်ကြားသွားမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးမှ သင်တန်းသား သင်တန်းသူ ၁၇ ဦးကို မိတ္ထီလာခရိုင်တွင် မတ် ၂၄ ရက်မှ ၂၈ ရက်အထိ မေထုန်မဲ့သားစပ်ခြင်း၊ ရောဂါကာကွယ်ဆေးထိုးနှံ ခြင်း၊ ဆေးကုသခြင်း၊ အသေးစားခွဲစိတ်ခြင်း၊ သင်းကွပ်ခြင်းနှင့် ပြည်သူ လူထုအသိပညာပေးခြင်းလုပ်ငန်းများကို အဓိကသင်ကြားပေးသွား မည်ဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သက်န်းကျွန်းပညာရေးဒီဂရီကောလိပ်၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်းဖွင့်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်း ကျွန်းမြို့နယ်၌ သင်္ကန်းကျွန်း ပညာရေး ဒီဂရီကောလိပ် ပညာ နေခြည်ခန်းမ၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာ သင်တန်း အမှတ် (၁၂/၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပသည်။

ဦးစွာ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ် ပညာ သင်တန်းဖွင့်ပွဲတွင် သင်္ကန်းကျွန်း ပညာရေး ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီအောင်က ကြိုဆို နှုတ်ဆက်စကား ပြောကြားပြီး သင်ကြားရေး ဆရာ ဆရာမများ နှင့် မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာ သင်တန်းသို့ ရန်ကုန်တိုင်းဒေသ ကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့မှ သင်တန်းသား သင်တန်းသူ ၁၈၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်**

(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

အစည်းအဝေးသို့ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီ နယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အထပ်မြင့်နေအိမ်များ၊ အိမ်ရာများနှင့် အောက်ခြေ(Foundation)မခိုင်သည့် အဆောက်အအုံများတွင် ပိုမိုပျက်စီးဆုံးရှုံးခဲ့ရသည်ကိုတွေ့ရှိရကြောင်း၊ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ပိုမိုဆိုးရွားစွာ တွေ့ရှိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့်လည်း မတ် ၂၈ ရက်နေ့ ဖြစ်စဉ်ဖြစ်ပြီးချင်းပင် နေပြည်တော် ကောင်စီနယ်မြေအတွင်း ပျက်စီးမှုရှိသည့် ဝန်ထမ်းအိမ်ရာများ၊ အရပ်ဘက် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် မြို့တွင်းလမ်းတံတားများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ယနေ့တွင်လည်း မန္တလေးတိုင်းဒေသကြီးသို့ လိုအပ်သည်များ မှာကြားနိုင်ရန်နှင့် ဘေးဒုက္ခခံစားနေရသည့် ပြည်သူများကို အားပေးစကား ပြောကြားနိုင်ရေး သွားရောက်လျက်ရှိပြီး ယခုအစည်းအဝေးပြုလုပ်ချိန်အထိ သေဆုံးသူဦးရေမှာ ၁၀၀၁ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုစုစုပေါင်းမှာ ၂၃၇၆ ဦးရှိပြီဖြစ်ကြောင်း၊ ထပ်မံ၍လည်းအရေအတွက် တိုးလာနိုင်ပါကြောင်း၊ ငလျင် နောက်ဆက်တွဲအနေဖြင့် စတင်ချိန်မှ ယခုအချိန်အထိ ၁၄ ကြိမ်ရှိပြီး ရစ်(ခ်)တာစကေး အနိမ့်ဆုံး ၂ ဒသမ ၈ မှ အမြင့်ဆုံး ၇ ဒသမ ၇ ဖြစ်ကြောင်း၊ မြေအောက် ၁၀ ကီလိုမီတာအနက်မှဖြစ်၍ ပိုမိုအင်အားပြင်းပြီး ပျက်စီးဆုံးရှုံးစေမှု ပိုမိုကြီးမားကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ စုပေါင်းအိမ်ရာများ၌ နေထိုင်ကြသည့် ဝန်ထမ်းများအနေဖြင့် ငလျင်ဒဏ်ကြောင့် ပြောင်းရွှေ့နေထိုင်နေကြရလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများက မိမိတို့၏ ဝန်ထမ်းများကို သွားရောက်အားပေးပြီး လိုအပ်သည်များ စစ်ဆေးပေးကြရန်နှင့် စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် အစားအစာနှင့် သန့်ရှင်းသောသုံးရေ၊ သောက်ရေများရရှိရေး ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ မိမိတို့ NDMC အနေဖြင့် နိုင်ငံတကာမှ အကူအညီများ စေလွှတ်ပေးပို့မှုအပေါ် လိုအပ်သည့်နေရာများသို့ အမြန်ဆုံး ရောက်ရှိရန်နှင့် အမြန်ဆုံး ဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒေသအသီးသီးရှိဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာန အသီးသီးက တစ်ပိုင်တစ်နိုင်စာရင်းကောက်ယူ၍ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ အများပြည်သူပိုင်လမ်း၊ တံတားများပျက်စီးမှုများ၊ မြေကျွံမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေသည့်အတွက် ရေရှည်၊ ရေတိုစီမံချက်များချမှတ်၍ အမြန်ဆုံး ပြုပြင်နိုင်ရန် လိုအပ်ကြောင်း၊ အရေးပေါ်လိုအပ်ချက်များ ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှသာ ရေရရှိရေးကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အမြန်ဆုံး ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော် (ခုတင်-၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ကြည့်ရှုစစ်ဆေးစဉ်။

**✳ သေဆုံးသူဦးရေမှာ ၁၀၀၁ ဦးရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုစုစုပေါင်းမှာ ၂၃၇၆ ဦးရှိပြီဖြစ်၊ ထပ်မံ၍လည်း အရေအတွက်တိုးလာနိုင်၊ ငလျင်နောက်ဆက်တွဲအနေဖြင့် စတင်ချိန်မှ ယခုအချိန်အထိ ၁၄ ကြိမ်ရှိပြီး ရစ်(ခ်)တာစကေး အနိမ့်ဆုံး ၂ ဒသမ ၈ မှ အမြင့်ဆုံး ၇ ဒသမ ၇ ဖြစ်၊ မြေအောက် ၁၀ ကီလိုမီတာအနက်မှဖြစ်၍ ပိုမိုအင်အားပြင်းပြီး ပျက်စီးဆုံးရှုံးစေမှုပိုမိုကြီးမား**

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်း ငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှု အခြေအနေများ၊ ကယ်ဆယ်ရေး လေယာဉ်များနှင့် ပစ္စည်းများ ရောက်ရှိမှု အခြေအနေများ၊ ကယ်ဆယ်ရေးယာဉ်များအတွက် ပို့ဆောင်ဆက်သွယ်ရေး လမ်းကြောင်း ဆောင်ရွက်ထားမှုအခြေအနေများ၊ ဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ရရှိရေး အမြန်ဆုံး ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ အသက်သေဆုံးရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အရေးပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများ၊ ငလျင်ဘေးဒဏ်ခံစားရသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာန အသီးသီးအလိုက် စားသောက်၊ နေထိုင်မှုနှင့် လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများ၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆွေးနွေး တင်ပြမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးချက်များအပေါ် ဝန်ထမ်းအိမ်ရာအလိုက် ယာယီမိုးကာတဲများဖြင့် အိမ်ရာနှင့်အနီးဆုံးပန်းခြံ၊ အရိပ်ရှိကွက်လပ်ကျယ်၌ ထားရှိရေး၊ နေ့စဉ်သန့်ရှင်းသော သောက်ရေ ရရှိရေး၊ ရွှေ့လျားရေသန့်စက် မော်တော်ယာဉ် ငါးစီးခန့်ဖြင့် ရေသန့်ချက်ပြီး ရေကားအသီးသီးမှတစ်ဆင့် ဝန်ထမ်းယာယီနေရာများသို့ ပို့ဆောင်သုံးစွဲစေရေး၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြေရှင်းနိုင်ရေး ယာယီရေကန်များပြုလုပ်လျက် သုံးရေ

*စာမျက်နှာ ၉ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၈ မှ*

ရရှိရေး၊ ဝန်ထမ်းများ သက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွှေ့လျားကုန်စိမ်း၊ ကုန်ခြောက်အရောင်းမော်တော်ယာဉ်များဖြင့် လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးရန်၊ ဝန်ထမ်းများနှင့် မိုခိုမိသားစုများ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေကြေးနှင့် စားသောက်နိုင်ရေး၊ NDMC မှလည်း အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လူမှုဖူလုံရေးရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရရှိရေး အပါအဝင် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး ကူညီဆောင်ရွက်ပံ့ပိုးပေးမည့် ကိစ္စရပ်များ၊ ဝန်ထမ်းများအတွက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာအကူအညီလာရောက်မှုအပေါ် အဆင်ပြေချောမွေ့စေရေး အဆိုပါအဖွဲ့အတွက် ဆက်ဆံရေးအရာရှိ၊ ကူညီကယ်ဆယ်ရေးအတွက် တွဲဖက်ပေးရမည့် ပြည်တွင်းမှ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့များ ထားရှိရေးကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များနှင့် လိုအပ်နယ်မြေအလိုက် ကူညီကယ်ဆယ်ရေး၊ ဆေးပစ္စည်းကူညီပေးရေး ခွဲဝေ တာဝန်ပေးရန်ကိစ္စရပ်များအား NDMC အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

* **မိမိတို့ NDMC အနေဖြင့် နိုင်ငံတကာမှ အကူအညီများ စေလွှတ်ပေးပို့မှုအပေါ် လိုအပ်သည့်နေရာများသို့ အမြန်ဆုံးရောက်ရှိရန်နှင့် အမြန်ဆုံးဖြန့်ဝေပေးနိုင်ရန်လိုအပ်၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒေသအသီးသီးရှိဝန်ထမ်းများ၏လိုအပ်ချက်များကို ဝန်ကြီးဌာနအသီးသီးက တစ်ပိုင်တစ်နိုင်စာရင်းကောက်ယူ၍ ဖြည့်ဆည်းပေး၊ အများပြည်သူပိုင်လမ်း၊ တံတားများပျက်စီးမှုများ၊ မြေကျွံမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိနေသည့်အတွက် ရေရှည်၊ ရေတိုစီမံချက်များချမှတ်၍ အမြန်ဆုံး ပြုပြင်နိုင်ရန်လိုအပ်**

**လိုအပ်သည်များမှာကြား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့သို့ လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

**ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်သင့်မှုကြောင့် ဆုံးရှုံးပျက်စီးမှုများပြားပြီး ယနေ့အထိ ကယ်ဆယ်ရေး ဆောင်ရွက်နေရသည့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ပုဂ္ဂလိက အထူးကုဆေးရုံ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် (ခုတင်-၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအတွက် ယာယီကုသဆောင်များထားရှိရန် စီစဉ်နေမှု၊ ဆေးရုံတက်လူနာများအတွက်လိုအပ်သော သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆေးရုံကြီးရှိ ကုသဆောင်အလိုက် အဆောက်အအုံကြံ့ခိုင်မှုဆိုင်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် တပ်မတော်ဆေးရုံကြီးမှ ရွှေ့လျားခွဲစိတ်ကုသယာဉ်နှင့် ဓာတ်မှန်ယာဉ်များ ကူညီပို့ဆောင်ပေးရန် ကိစ္စအပါအဝင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခုတင်(၃၀၀)ဆံ့ သားဖွားမီးယပ်ဆေးရုံနှင့် နေပြည်တော် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များနှင့် အရပ်သားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုနှင့် ခွဲစိတ်ခန်းများနှင့် ဆေးရုံသုံးပစ္စည်းများအသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

အဆိုပါပျက်စီးချွတ်ယွင်းမှုများအား အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ရေး ကြိုးကြပ်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အရောင်းဆိုင် စုစုပေါင်း (၁၀၅) ဆိုင်အနက် အရောင်းဆိုင် (၉၀)ခန့်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အရောင်းဆိုင်(၁၆၄)ဆိုင်တို့အား ပြင်ဆင်ပြီးစီးခဲ့သဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ကျန်အရောင်းဆိုင်များအား ဆောလျင်စွာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်သုံးဆီ အရောင်းဆိုင်များအနေဖြင့် မည်သည့်ပျက်စီးချွတ်ယွင်းမှုမျှမရှိဘဲ ပုံမှန်အခြေအနေအတိုင်း ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရန်အတွက် ကြိုတင်စီမံထားသည့်အတိုင်း သီလဝါ သိုလှောင်ကန်စခန်းများတွင် ရက်သတ္တပတ် တစ်ပတ်စာခန့် သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ဆီတင် သင်္ဘောများမှာလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ Jetty များတွင် လေးစင်း၊ ပင်လယ်ဝတွင်သုံးစင်း၊ လမ်းခရီးတွင်သုံးစင်းနှင့် ပြည်ပနိုင်ငံများတွင် စက်သုံးဆီ တင်ဆောင်နေသည့် သင်္ဘော ၁၁ စင်းဖြစ်သဖြင့် စက်သုံးဆီပြတ်လပ်မှု ဖြစ်ပေါ်နိုင်မည်မဟုတ်ဘဲ ပုံမှန်ဖြန့်ဖြူးမှုများအပြင် လိုအပ်ပါက အရေးပေါ် Urgent ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်ထားပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူအနေဖြင့် လတ်တလောအခြေအနေကြောင့် စက်သုံးဆီ ပြတ်လပ်မှုဖြစ်ပေါ်မည်ဟု စိုးရိမ်စိတ်ဖြင့် မလိုအပ်ဘဲတန်းစီဝယ်ယူခြင်း၊ အပိုသိုလှောင်ထားခြင်း မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

# မြစ်တစ်စင်း၏အသီးအပွင့်များ (သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ …

*အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန*

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဟူသော ဌာန၏မျှော်မှန်းချက်နှင့်အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ နိုင်ငံအဝန်း ကျယ်ပြန့်စွာထုတ်လုပ်လာနိုင်စေရေးတို့အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ထုတ်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ခောတ်ခွဲစမ်းသပ်ပေးခြင်း၊ စနစ်တကျမှတ်ပုံတင်ပေးခြင်း၊ ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဌာနအနေဖြင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် **"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"**နှင့် **"MSME လုပ်ငန်းများ မြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်းစီမံကိန်း"**တို့အား စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

**စီမံကိန်းများစတင်ခြင်း**

ယခုအခါ အဆိုပါစီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများစတင်ခြင်းအခမ်းအနား (Project Launching Ceremony)ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ် Grand Ballroom ၌ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းများ စတင်ခြင်းအခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ Second Secretary Mr. Zhang Zhonghua နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(ဋ္ဌက္ကဋ္ဌ) ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် MSMEs အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြပါသည်။




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး Digital Skill Up (ToT) Training (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။




စီမံကိန်းများစတင်ခြင်းအခမ်းအနားတွင် တရုတ်သံရုံးမှ Second Secretary Mr.Zhang Zhonghua အမှာစကားပြောကြားစဉ်။

**စီမံကိန်း၏ရည်ရွယ်ချက်များ**

**"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများမြှင့်တင်ခြင်းစီမံကိန်း"**ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပံ့ပိုးကူညီပေးနိုင်ရန်၊

(ခ) အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအား၊ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရန်၊

(ဂ) ကုန်ထုတ်လုပ်မှုနည်းပညာအသစ်အဆန်းများ ရှာဖွေဖော်ထုတ်၍ တီထွင်ဆန်းသစ်မှုများဖြင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုကို မြှင့်တင်ရန်၊

**"MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု မြှင့်တင်ခြင်းစီမံကိန်း"**ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ လျင်မြန်စွာ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အွန်လိုင်းမှတ်ပုံတင် ပလက်ဖောင်းတစ်ခု တည်ထောင်ရန်၊

(ခ) ဌာနရှိဝန်ထမ်းများ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်များမှ အသေးစားလုပ်ငန်းရှင်များအတွက် **"ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း"**များ ပို့ချခြင်းဖြင့် ၎င်းတို့၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်။

**စီမံကိန်းလုပ်ငန်းများအကျဉ်းချုပ်**

**"စိုက်ပျိုးရေးအခြေခံကဏ္ဍရှိ အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း"**တွင် တရုတ်နိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာကျွမ်းကျင်သူများအား ဖိတ်ခေါ်၍ ဌာနရှိ သင်တန်းနည်းပြများအား ToT သင်တန်းပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ သင်တန်းနည်းပြများမှတစ်ဆင့် အသေးစားစက်မှုလက်မှုလုပ်ငန်းစတင်မည့်သူများ၊ ကျေးလက်နှင့် မြို့ပြရှိ အသေးစားလုပ်ငန်းရှင်များကို နည်းပညာအသစ်များနှင့် ဗဟုသုတများကို မျှဝေပေးခြင်း၊ စားသောက်ကုန်ထုတ်လုပ်ငန်း ထူထောင်လုပ်ကိုင်လိုသော သင်တန်းသားများအား တစ်ကြိမ်လျှင် ၁၅ ဦးဖြင့် ခုနစ်ကြိမ် ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်လိုသူ ၇၅ ဦးကို လုပ်ငန်းထူထောင်ရန် ထောက်ပံ့ပေးခြင်း၊ လုပ်ငန်းရှင်များအတွက် MSME Business Plan Training နှင့် Food Safety သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဌာနမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၁၂ ဦးအားရွေးချယ်၍ အဆင့်မြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများကို လေ့လာရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ စေလွှတ်ခြင်းနှင့် စီမံကိန်းစောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းတို့ပါဝင်ပြီး အကျိုးရလဒ်အနေဖြင့် စိုက်ပျိုးရေးအခြေခံအသေးစားကုန်ထုတ်လုပ်ငန်း ၇၅ ခုကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။

**"MSME လုပ်ငန်းများမြှင့်တင်ရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်းစီမံကိန်း"**တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် အွန်လိုင်းမှတ်ပုံတင်ပလက်ဖောင်းတစ်ခုတည်ထောင်ခြင်း၊ အသေးစားစက်မှုလုပ်ငန်းထုတ်ကုန်များအတွက် ဒစ်ဂျစ်တယ်ဈေးကွက် (e-commerce) ပလက်ဖောင်းအား အဆင့်မြှင့်တင်ခြင်း၊ ဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းနှင့် အမှုထမ်း ၁၀၀ အတွက် "Digital Skill Up Training" ToT သင်တန်းနှစ်ကြိမ်အား ပြည်တွင်းမှ နည်းပညာရှင်များဖြင့် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းရှင်များအတွက် "ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်း" ၄၅ ကြိမ်ဖွင့်လှစ်၍ လုပ်ငန်းရှင် ၉၀၀ အား ဒစ်ဂျစ်တယ်နည်းပညာရပ်ဆိုင်ရာ အသိပညာများကို ပို့ချပေးခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ

*စာမျက်နှာ ၁၁ သို့*

> **"ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ၏ ဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျိုးနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်မည်"**

# နေပြည်တော်ကောင်စီဝင်များ လယ်ဝေးမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုနေမှု သွားရောက်ကြည့်ရှု



**နေပြည်တော် မတ် ၂၉**

နေပြည်တော် လယ်ဝေးမြို့နယ် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယ စာမေးပွဲကို မတ် ၂၅ ရက်မှစ၍ ချမ်းမြေ့ရိပ်သာကျောင်း မဟာအတုလအောင် ဓမ္မဗိမာန်တော်ကြီး၌ ဖြေဆိုတော်မူကြသည်။

အဆိုပါ အစိုးရဓမ္မာစရိယ စာမေးပွဲ ဖြေဆိုတော်မူသည့် သံဃာတော်နှင့် သီလရှင်များအား မတ် ၂၇ ရက်က နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် နေပြည်တော်တိုင်း သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သွားရောက်ဖူးမြော်ကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးစာဖြေဌာနရှိ ဓမ္မာစရိယကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည့်ရှုကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုကြသည့် သံဃာတော်နှင့် သီလရှင်များအား လှည့်လည် ကြည့်ရှုသည်။ အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)တွင် သံဃာတော် ၁၁၂ ပါး၊ သီလရှင် ရှစ်ပါး စုစုပေါင်း အပါး ၁၂၀ ဝင်ရောက် ဖြေဆိုလျက်ရှိပြီး စာမေးပွဲကာလမှာ ဧပြီ ၁ ရက် အထိဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးသည် လယ်ဝေးမြို့ အမှတ် (၄၇)စက်မှုလယ်ယာစခန်းတွင် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးရန် GW-11 ထိုင်းနှံကောက်နှင့် အောင်နိုင်တိုးစပါး ၃၂ ဧက စိုက်ပျိုးရန်အတွက် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်မှ ဦးဝင်းထွန်း၏ နို့စားနွား တစ်နိုင်တစ်ပိုင် မွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးကာ နို့စားနွားမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆွေးနွေးပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## တောင်ငူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုသည့် သံဃာတော်များအား ဝတ္ထုငွေများဆက်ကပ်လှူဒါန်း

**တောင်ငူ မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ တောင်ငူခရိုင်သာသနာရေးဦးစီးဌာနမှ ကြီးမှူး၍ အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၅ ရက်မှစတင်၍ ကျင်းပခဲ့ရာ မတ် ၂၇ ရက်တွင် ဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသည်။

အဆိုပါ ဓမ္မာစရိယစာမေးပွဲဖြေဆိုသည့် သံဃာတော် ၂၆၉ ပါး၊ သီလရှင် ၃၁ ပါး စုစုပေါင်း အပါး ၃၀၀ တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ဓမ္မာစရိယစာမေးပွဲဖြေဆိုမှုတွင် လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးသည်။

ဇော်ကိုကို(တောင်ငူ)

*စာမျက်နှာ ၁၀ မှ*

❖ **၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင်စတင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှသည် နောင်နှစ်ပေါင်းများစွာတိုင် ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသည် မြစ်တစ်စင်း၏အသီးအပွင့်များ (သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိ**

နည်းပညာနှီးနှောဖလှယ်ပွဲ Seminar နှစ်ကြိမ် ကျင်းပခြင်း၊ မဲခေါင်-လန်ချန်း ဒေသတွင်း အသေးစားစက်မှုလုပ်ငန်း ထုတ်ကုန်များအတွက် e-commerce ပလက်ဖောင်းကို အောင်မြင်စွာ အဆင့်မြှင့်တင်နိုင်စေရန် တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင်သုံးဦးကို ဖိတ်ကြား၍ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ အလေ့အကျင့်များနှင့် အတွေ့အကြုံများကို မျှဝေပေးခြင်း၊ ဌာနမှ ဘာသာရပ်ဆိုင်ရာ အရာရှိကြီး ၁၀ ဦးသည် MSMEs များအတွက် e-commerce စနစ်၏ အလေ့အကျင့်များကိုလေ့လာရန် တရုတ်နိုင်ငံသို့ ဒစ်ဂျစ်တယ်နည်းပညာလေ့လာရေးခရီး သွားရောက်ခြင်း၊ စီမံကိန်းကာလအတွင်း စီမံကိန်းကို စောင့်ကြည့် လေ့လာအကဲဖြတ်ခြင်းတို့ပါဝင်ပြီး အကျိုးရလဒ်အနေဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းရှင်များသည် ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြု၍ အွန်လိုင်း



စိုက်ပျိုးရေးကုန်ကြမ်း သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်မှုကို တွေ့ရစဉ်။

စျေးကွက်များရရှိစေပြီး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါသည်။

**စီမံကိန်းများမှရရှိလာမည့် အကျိုးကျေးဇူးများ**

အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးအခြေခံအသေးစားလုပ်ငန်းများ အားကောင်းလာစေခြင်း၊ ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာများကို အသုံးချလာနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ အွန်လိုင်းမှတ်ပုံတင် Platform မှတစ်ဆင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးနိုင်ခြင်း၊ ဌာနရှိဝန်ထမ်းများအား ခေတ်နှင့်အညီ နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ခြင်း၊ နိုင်ငံတစ်ဝန်းရှိ အသေးစားလုပ်ငန်းရှင်များက ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာ၊ ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို သိမြင်နားလည်စေခြင်း၊ MSME လုပ်ငန်းများ၏ စျေးကွက်ဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့် စားသောက်ကုန်၊ လူသုံးကုန်လုပ်ငန်းများအတွက် ရေရှည်စျေးကွက်ဖွံ့ဖြိုးရေး ဖော်ဆောင်ပေးနိုင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ MSME လုပ်ငန်းများ၏ စျေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

**မြစ်တစ်စင်း၏အသီးအပွင့်များ**

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စိုက်ပျိုးရေးထွက်ကုန်များမှ အရည်အသွေးမီပြီး ဘေးအန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုနည်းပညာများအား ဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် Food Safety ဆိုင်ရာ စားသောက်ကုန် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေခြင်း၊ **"စိုက်ပျိုးရေးအခြေခံ အသေးစားစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ခြင်း"**သည် အစားအစာဘေးကင်းလုံခြုံမှုနှင့် အာဟာရဖူလုံပြည့်ဝရေးအတွက်သာမက မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကိုပါ မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အသေးစားစက်မှုလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ဆိုင်ရာ နည်းပညာအကူအညီများပေးနိုင်ခြင်းနှင့် စျေးကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့်အပြင် ဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ၏ စျေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင်စတင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှသည် နောင်နှစ်ပေါင်းများစွာတိုင် ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသည် မြစ်တစ်စင်း၏အသီးအပွင့်များ(သို့မဟုတ်) အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများဖြစ်သည့် ခရေအိမ်ရာရှိ တိုက်အမှတ် ၈၇၊ ၈၈၊ ၉၂၊ ၉၃၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃ တို့ကိုလည်းကောင်း၊ ပိတောက်အိမ်ရာရှိ တိုက်အမှတ် ၆၀၂၊ ၆၀၅ တို့ကိုလည်းကောင်း၊ ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် ၄၃၀၄၊ ၄၃၂၂၊ ၄၃၂၃၊ ၄၃၂၄၊ ၄၃၂၅ တို့ကို လည်းကောင်း၊ ဇေ(၁၀၀၀)ရှိ တိုက်အမှတ် ၁၃၃၇၊ ၁၃၃၈၊ ၁၃၃၉၊ ၁၃၄၀၊ ၁၃၄၁၊ ၁၃၄၆၊ ၂၀၁ တို့ကို လည်းကောင်း၊ သပြေအဆောင်အမှတ်(၄)အား လည်းကောင်း အသီးသီးသွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား အမြန်ဆုံးနေရာ ပြောင်းရွှေ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ပြောင်းရွှေ့နေထိုင်မည့်နေရာများတွင် သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငွေကျပ် တစ်သိန်း ထောက်ပံ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

---

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဒဏ်ကြောင့် လမ်း၊ တံတားထိခိုက်ခဲ့မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

**ပဲခူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မတ် ၂၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ငလျင်ဒဏ်သင့်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရန်ကုန်- မန္တလေး အမြန်လမ်း ၃၂ မိုင် ၆ ဖာလုံမှစ၍ ၁၁၅ မိုင်အထိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်း၊ တံတားများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်း၊ တံတား ထိခိုက်သည့် နေရာများတွင် ကြိုတင်အသိပေးဘုတ်များ၊ လမ်းညွှန်အမှတ်အသားများ၊ ရောင်ပြန်များ တပ်ဆင်သွားရန်၊ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များတွင် လမ်း၊ တံတားအပိုင်းအလိုက် ထိခိုက်သည့်နေရာများ ထုတ်ပြန်ပေးထားရန်၊ တံတားခံနိုင်ဝန်များ ပြန်လည်စိစစ်ရန်၊ လမ်း၊ တံတား ထိခိုက်ပျက်စီးမှုအား အမြန်ဆုံး ပြင်ဆင်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဖြူးမြို့ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လုံခြုံရေးတပ်ဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူ စုစုပေါင်း ၂၆ ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ကုသထားရှိမှုနှင့် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုများကို မေးမြန်းကာ အာဟာရဖြည့်စွက်စာများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဖြူးမြို့ ရန်ကုန်- မန္တလေး အမြန်လမ်း ၁၅၅ မိုင်မှ ၁၅၄ မိုင်အထိ လမ်းတံတား ပျက်စီးမှုများနှင့် ယာယီပြင်ဆင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တံတားအလိုက် ချဉ်းကပ်လမ်းများ နိမ့်ကျမှု၊ တံတားမြေထိန်းနံရံများ ကွဲအက်မှု၊ Underpass များအလိုက် ကြွခိုင်မှုများအား ချက်ချင်း အသေးစိတ် စစ်ဆေးခြင်းအပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် အမြန်လမ်း/တံတားအဖွဲ့နှင့် ပူးပေါင်း၍ အမြန်ဆုံးပြင်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အသက်ကူကယ်ဆယ်နိုင်ရေး တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၄၀၀ ကျော် စုပေါင်း သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းနေသူများအား အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသည့် ပြည်သူ ၄၄ ဦးအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ကုသထားရှိမှုနှင့် ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှုများကို မေးမြန်းပြီး အာဟာရဖြည့်စွက်စာများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ရှားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။









အဆိုပါ ငလျင်ဒဏ်သင့်ဒေသအသီးသီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကေလာကျေးရွာအုပ်စုနှင့် နန့်ပန်ကျေးရွာအုပ်စု၊ နန့်ပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရား၊ သာလေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရား စသည့် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာများ၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ အဆောက်အအုံ၊ မန္တလေးတက္ကသိုလ်ရှိ အဆောက်အအုံများ၊ ဦးလှသိန်း ဓမ္မဗိမာန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်ကုန်- မန္တလေးအမြန်လမ်းရှိ လမ်း/တံတားများ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဝေဠုဝန်ရိပ်သာကျောင်းတိုက်၊ တောင်ငူမြို့နယ်အတွင်းရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ကန်သာဗလီဝတ်ပြုကျောင်း၊ သမိုင်းဝင်မဟာအောင်မြေရှိ ကောင်းမှုတော်စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင်လောကမာရဇိန် နန်းတော်ဦးစေတီတော်မြတ်ကြီးတို့၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများရောက်ရှိ

**ရန်ကုန် မတ် ၂၉**

မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာခန့် အကွာအဝေးကို ဗဟိုပြုပြီး အင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေး အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်သည့် နေရာဒေသများကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်အစိုးရအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက် လမ်းဖွင့်ပေးထားပြီဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၇ ဦးနှင့် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် မတ် ၂၉ ရက် နံနက် ၇ နာရီ ၇ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊






မြန်မာနိုင်ငံတရုတ်သံရုံးမှ First Secretary ဖြစ်သူ Mr. Zhu Feng နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယနေ့ ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ထားရှိသည့် မော်တော်ယာဉ်များဖြင့် ယနေ့နံနက်ပိုင်းက နေပြည်တော်သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ဆက်လက်၍ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသော လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးပို့လိုက်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများမှာ ခေါက်ဆွဲခြောက်၊ Solar မီးအိမ်၊ မီးဖိုချောင်သုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်း၊ မီးစက်၊ ဆေးရုံသုံးပစ္စည်း၊ တာပေါ်လင်၊ စောင်၊ ခြင်ထောင်၊ ပလတ်စတစ်အိတ်မျိုးစုံတို့ ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## အိန္ဒိယ၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိ

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့တွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အိန္ဒိယ၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ ရောက်ရှိကြသည်။

ယနေ့တွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး ခွေးလေးကောင်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ၊ စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး ခွေးလေးကောင်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ၊ ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် အတူ ဆရာဝန်၊ သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိကြသည်။



ယနေ့ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများအတွက် အရေးပေါ်သွေးလှူဒါန်းခြင်းများဆောင်ရွက်

**မကွေး မတ် ၂၉**

မတ် ၂၈ ရက်က အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တိုက်ခတ်မှုကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ နေအိမ်များထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင် လိုအပ်သောသွေးများကို လှူဒါန်းနိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မကွေးတပ်နယ်မှ တပ်မတော်သားများ၊ စေတနာရှင်ပြည်သူများက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စေတနာအလျောက် သွေးလာရောက်လှူဒါန်းလျက်ရှိကြသည်။



ထိုသို့လှူဒါန်းရာတွင် မကွေးမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ မကွေးတပ်နယ်မှ တပ်မတော်သားများနှင့် စေတနာရှင်ပြည်သူများက မတ် ၂၈ ရက်တွင် ၃၇ ဦး၊ ယနေ့တွင် ၁၁၄ ဦး စုစုပေါင်း ၁၅၁ ဦးက မကွေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ လာရောက်လှူဒါန်းကြသည်။

ထိုသို့ မိမိတို့ စေတနာအလျောက် လာရောက်လှူဒါန်းကြသည့် အလှူရှင် ၁၅၁ ဦး၏ သွေးများနှင့် မကွေးတိုင်းပြည်သူ့ဆေးရုံကြီးနှင့် သင်ကြားရေးဆေးရုံကြီး (မကွေး)တို့ရှိ သွေးလှူဘဏ်များတွင် စုဆောင်းထားရှိသော သွေးအိတ် ၆၇ အိတ်တို့ကို ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရပြီး အရေးပေါ်သွေးလိုအပ်နေသည့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အထူးဝမ်းနည်းရပါကြောင်း

**၂၀၂၅ ခုနှစ်၊ မတ် ၂၉ ရက်**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့် အချိန်ခန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာကိုဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားပြီး နောက်ဆက်တွဲ ငလျင်ငယ်သုံးခုခန့် ဆက်တိုက်လှုပ်ရှားသွားခဲ့ပါသည်။ အဆိုပါအင်အားပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် အခြားဒေသများတွင် ထိခိုက်သေဆုံးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် များစွာစိတ်မကောင်းဝမ်းနည်းဖြစ်ရပါကြောင်းနှင့် ရှာဖွေကယ်ဆယ်ကူညီရေးလုပ်ငန်းများတွင် အားတက်သရော ဝိုင်းဝန်းကူညီနိုင်ကြပါစေရန် မေတ္တာရပ်ခံအပ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(MPC)**

# ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ အကူအညီများ ပေးပို့

ကုလသမဂ္ဂ မတ် ၂၉

**ကုလသမဂ္ဂနှင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများက မြန်မာနိုင်ငံသို့ အကူအညီများ ပေးပို့လျက်ရှိကြောင်း သိရသည်။**

နိုင်ငံတကာသို့ အကူအညီများတောင်းခံပြီးနောက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့တစ်ခုက ဆော်ဩစည်းရုံးရန် ပြင်ဆင်လျက်ရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားသည်။

အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် အမေရိကန်ဒေါ်လာငါးသန်းကို ကမ္ဘာ့အဖွဲ့အစည်းက ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ လူပေါင်း ၁၂၀ ဝန်းကျင်ရှိသည့် ကယ်ဆယ်ရေးအဖွဲ့တစ်ခုကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံကလည်း အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှ ကယ်ဆယ်ရေးအဖွဲ့ကလည်း မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ရန်ကုန်သို့ မတ် ၂၉ ရက် နံနက်ပိုင်းက ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါအဖွဲ့က ဘေးအန္တရာယ်ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာကုသရေး လုပ်ငန်းများတွင် အကူအညီပေးရန် စီစဉ်ထားကြောင်း သိရသည်။ အလားတူ မတ် ၂၉ ရက် အစောပိုင်းက အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးပစ္စည်း ၁၅ တန်ကို ပေးပို့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ၊ အင်န်အီတီဗွီ၊ Financial Express



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည့် တရုတ်ကယ်ဆယ်ရေးအဖွဲ့ကို တွေ့ရစဉ်။

# အမေရိကန်သမ္မတ အီရန်နျူကလီးယားအရေးဖြေရှင်းရန် ဆန္ဒထက်သန်

ဝါရှင်တန် မတ် ၂၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်နျူကလီးယားအရေးကို ဖြေရှင်းချင်ကြောင်း ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် အထူးစောင့်ကြည့်ရမည့် စာရင်းတွင် ပါဝင်လျက်ရှိကြောင်း အမေရိကန်သမ္မတ ထရမ့်က မတ် ၂၈ ရက်က သတင်းထောက်များကို ပြောကြားလိုက်သည်။

မစ္စတာထရမ့်သည် အီရန်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် အာယာတိုလာ အလီခါမေနီထံ စာတစ်စောင်ပေးပို့လိုက်ပြီး အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်ကို ဖျက်သိမ်းရန် တောင်းဆိုလိုက်သည်။

မတ် ၂၇ ရက်က အီရန်နိုင်ငံခြားရေးဝန်ကြီး အက်ဘက်အာရာဂါချီက တတိယအဖွဲ့အစည်းကို စေ့စပ် ညှိနှိုင်းပေးမည်ဆိုပါက သွယ်ဝိုက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်ဖွယ်ရှိသည်ဟု ပြောကြားလိုက်သည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

အီရန်နျူကလီးယား အရေး ဆက်လက်ဆွေးနွေးမှု မပြုပါက အလွန်ဆိုးရွားသော အဖြစ်အပျက်များ အီရန်နိုင်ငံအနေဖြင့် ကြုံတွေ့သွားမည်ဟု မစ္စတာထရမ့်က ပြောကြားလိုက်သည်။ သမ္မတ ထရမ့်သည် ဆွေးနွေးမှုများ မည်သည့်အချိန်တွင် ပြုလုပ်သွားမည်ဆိုသည်ကိုမူ အတည်ပြုပြောကြားခြင်း မရှိသေးကြောင်း သိရသည်။ ယခင် ထရမ့်အစိုးရခေတ် ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ခဲ့သည်။

ဂျိုးဘိုင်ဒင်အစိုးရလက်ထက်တွင် အီရန်နှင့် နျူကလီးယားအရေး သွယ်ဝိုက်ဆွေးနွေးခဲ့ပြီး သဘောတူညီချက်မရခဲ့ပေ။ နျူကလီးယားအရေး ဆွေးနွေးချက်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်မှုကို ဦးတည်ခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့သည်။

အင်န်အီတီဗွီ

# ပါကစ္စတန်အကျဉ်းထောင်မှ အာဖဂန်အကျဉ်းသား ၂၂၃ ဦးကို လွှတ်ပေး

ကဘူးလ် မတ် ၂၉

ပါကစ္စတန်နိုင်ငံအတွင်း အကျဉ်းချခံထားရသည့် အာဖဂန်အကျဉ်းသား စုစုပေါင်း ၂၂၃ ဦး ပြန်လွှတ်လာပြီး ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ရေးဝန်ကြီးဌာနက မတ် ၂၉ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ချက်အရ အဆိုပါ ထိန်းသိမ်းခံရသူများသည် နန်ဂါဟာ အရှေ့ပိုင်း တော်ခမ်းနယ်စပ်ဖြတ်ကျော်နေရာနှင့် ကန်ဒါဟာပြည်နယ်တောင်ပိုင်း စပင်ဘော်ဒါခ် နယ်စပ်ဖြတ်ကျော်နေရာများမှတစ်ဆင့် လွန်ခဲ့သည့် နှစ်ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ်က ပါကစ္စတန်နိုင်ငံသည် ထောင်နှင့်ချီသည့် အကျဉ်းကျခံနေရသော အာဖဂန်နိုင်ငံသားများကို လွှတ်ပေးခဲ့ပြီး နေရပ်သို့ ပြန်ပို့ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# အစ္စရေးတပ်ဖွဲ့က ဘေရွတ်ဆင်ခြေဖုံးကို လေကြောင်းတိုက်ခိုက်

ဘေရွတ် မတ် ၂၉

အစ္စရေးတပ်ဖွဲ့က ဘေရွတ်ဆင်ခြေဖုံးကို လေကြောင်းတိုက်ခိုက်မှုတစ်ခု လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယခု လေကြောင်းတိုက်ခိုက်မှုသည် ရှီးယိုက်အုပ်စုဖြစ်သော ဟစ်ဇ်ဘိုလာနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် နိုဝင်ဘာလတွင် စတင်သက်ရောက်ခဲ့ပြီး နောက်ပိုင်း လက်ဘနွန်မြို့တော်အနီး ပထမဆုံးဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုတစ်ခု ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့က မတ် ၂၈ ရက်တွင် အကြမ်းဖက်အဖွဲ့များ၏ အဆောက်အအုံများကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် လက်ဘနွန်တောင်ပိုင်း၌လည်း အခြားလေကြောင်း တိုက်ခိုက်မှုတစ်ခု လုပ်ဆောင်ခဲ့သေးကြောင်း ၎င်းတို့က ပြောသည်။ အဆိုပါတိုက်ခိုက်မှုတွင် လူသုံးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြခဲ့သည်။ အစ္စရေး မြောက်ပိုင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သော တိုက်ခိုက်မှုအပေါ် ပြန်လည်လက်တုံ့ပြန် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးဘက်က ပြောကြားခဲ့သော်လည်း ဟစ်ဇ်ဘိုလာတို့က ထိုသို့တိုက်ခိုက်ခြင်း မပြုခဲ့ကြောင်း ပြန်လည်ငြင်းဆိုပြောကြားခဲ့သည်။




လက်ဘနွန်သမ္မတ ဂျိုးဇက်အွန်က အဆိုပါတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို ကြားဝင်ညှိနှိုင်းစေ့စပ်ပေးရာတွင် အကူအညီပေးလျက်ရှိသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အဆိုပါအခြေအနေကို လက်မခံကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်လည်း မက်ခရွန်က တောင်းဆိုခဲ့သည်။

အင်န်အီတီဗွီ

# အမေရိကန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူ ၅၀၀ ခန့်ရှိလာ

လော့စ်အိန်ဂျလိစ် မတ် ၂၉

အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူစုစုပေါင်း ၄၈၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ)က မတ် ၂၈ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ရောဂါဖြစ်ပွားသူ ၇၀ မှာ ဆေးရုံတက်ရောက်ကုသနေပြီး ၎င်းတို့ထဲမှ နှစ်ဦးမှာ သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ထုတ်ပြန်ထားသည်။ အမေရိကန်၌ ၂၀၂၅ ခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူအရေအတွက်သည် ၂၀၂၄ ခုနှစ်က ဖြစ်ပွားသည့် ဝက်သက်ရောဂါဖြစ်ပွားသူ အရေအတွက် ၂၈၅ ဦးထက် ပိုများကြောင်း သိရသည်။

ဝက်သက်ရောဂါဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် အကောင်းဆုံး နည်းလမ်းမှာ ကာကွယ်ဆေးထိုးခြင်းဖြစ်ကြောင်း စီဒီစီက အလေးပေး ပြောကြားသည်။

ဆင်ဟွာ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများအတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့် အိမ်ရာများအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဆောက်အအုံပျက်များအတွင်း ပိတ်မိနေသူများအား အမြန်ဆုံး ကယ်ထုတ်ဆောင်ရွက်နိုင်ရေး၊ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသနိုင်ရေးအတွက် လူနာတင်ယာဉ်များ အသင့်ထားရှိရေး၊ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ပျဉ်းမနားမြို့အတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့် အဆောက်အအုံအပျက်အစီးများအတွင်း ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ဥတ္တရသီရိအထူးကုဆေးရုံ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံပျက်အတွင်း ပိတ်မိနေသူများအား အမြန်ဆုံးကယ်ထုတ်ဆောင်ရွက်နိုင်ရေး၊ ဒဏ်ရာရရှိသူများအား ဆေးဝါးကုသနိုင်ရေးအတွက် လူနာတင်ယာဉ်များ အသင့်ထားရှိရေး၊ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့်နေရာများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာမြို့နယ်များအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ငလျင်ဒဏ်ခံစားခဲ့ရသည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး

**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၉ ရက် နံနက် ၉ နာရီက ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ကေလာကျေးရွာတွင် ငလျင်ဒဏ်ကြောင့် အိမ်များ ပြိုကျပျက်စီးသွားသည့် နေရာများကို သွားရောက်ကြည့်ရှုပြီး (ယာပုံ) ဒေသခံပြည်သူများကို အားပေးစကားပြော၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇရပ်ကြီးကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးပြိုကျသွားသော ဘုန်းတော်ကြီးကျောင်းအား သွားရောက်ကြည့်ရှု၍ ငလျင်ဒဏ်သင့် ဒေသခံပြည်သူများကို သာလေးအခြေခံပညာ အထက်တန်းကျောင်း၌ နေထိုင်စားသောက်ရေးအတွက် ငလျင်ဒဏ်သင့်ယာယီစခန်း စီစဉ်ထားရှိပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အိမ်ခြေ ၆၄၄ လုံး ပြိုကျပျက်စီး**

အင်းခြံကေလာ ကျေးရွာအုပ်စုတွင် ငလျင်ဒဏ်ကြောင့် အိမ်ခြေ ၆၄၄ လုံး ပြိုကျပျက်စီးခဲ့ကာ ငလျင်ဒဏ်ကြောင့် သေဆုံးဒဏ်ရာရမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်ကြီးသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသည့်ဖောင်တော်ဦးဘုရားပရိဝုဏ်အတွင်းသို့ လိုက်လံကြည့်ရှု၍ သက်ဆိုင်ရာဌာနများနှင့် ဂေါပကအဖွဲ့ဝင်များကို ဖောင်တော်ဆိပ်ထားရှိသည့်နေရာ ပြန်လည်ပြင်ဆင်ရေး၊ ဘုရားပရိဝုဏ်အတွင်း ပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာများ ပြန်လည်မွမ်းမံပြင်ဆင်ရေးတို့အတွက် စနစ်တကျ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာလေးအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကာ အင်းလေးဒေသရှိငလျင်ဒဏ်ခံစားခဲ့ရသည့် ကေလာကျေးရွာမှ ပြည်သူများ ယာယီနေထိုင်နိုင်ရေးအတွက် နေရာများ၊ သောက်သုံးရေအတွက် ရေသန့်စက်များ တပ်ဆင်ထားရှိရေး၊ စားသောက်ရေး အဆင်ပြေစေရန်တို့အတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့**

အင်းလေး ဖောင်တော်ဦးစံကျောင်းတော်ဝန်းကျင်ရှိ ရေပြင်သည် ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် မြေသားမြင့်တက်မှုများ ဖြစ်ပေါ်ကာ ရေမျက်နှာပြင်သုံးပေခန့်ထိကျဆင်းခဲ့ကာ ဖောင်တော်ဦး ဘုရားရင်ပြင်တော် ကြမ်းပြင်များ အက်ကွဲခြင်း၊ ကျောင်းတော်နံရံအချို့ အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သည်။

ရှမ်းပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းသည့် ငလျင်လှုပ်ခတ်မှုကြောင့် ယနေ့မွန်းတည့် ၁၂ နာရီအထိ စာရင်းကောက်ယူမှုများအရ ထိခိုက်ပျက်စီး ဆုံးရှုံးမှုမှာ ဘုရားစေတီ ၉၀၊ ဘာသာရေးအဆောက်အအုံ ၄၈ လုံး၊ အုတ်တံတိုင်း ၁၂၆ ခု၊ ဌာနပိုင် အဆောက်အအုံ ၃၄ လုံး၊ ဝန်ထမ်း အိမ်ရာသုံးလုံး၊ အခြားရှစ်လုံး၊ လူနေအိမ်ပြိုကျ ၁၇၉၇ လုံး၊ တစ်စိတ် တစ်ပိုင်း ၂၄၉ လုံး၊ တည်းခိုခန်းတစ်လုံး၊ ဟိုတယ် ၁၂ လုံး၊ တံတားနှစ်စင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၄၈ မိုင်၊ ၄၀၀ ဗို ဓာတ်အား လိုင်း ၃ ဒသမ ၇၆ မိုင်၊ ထရန်စဖော်မာ လေးလုံး ပျက်စီးခဲ့ပြီး အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ် အဆောက်အအုံ၊ အုတ်နံရံ၊ ဟိုတယ်ပြိုကျမှုများကြောင့် သေဆုံးသူ ၅၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၇၅ ဦး ရှိကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး လွိုင်လင်မြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**လွိုင်လင် မတ် ၂၉**

ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီးဦးစိုင်းလိတ်သည် လွိုင်လင်မြို့နယ်အတွင်းရှိ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) နှင့် ပင်လုံတက္ကသိုလ်တို့တွင် မတ် ၂၈ ရက် မွန်းလွဲပိုင်းကလှုပ်ရှားခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်နှင့် ဆရာဆရာမများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက အန္တရာယ်ရှိနေရာဖြတ်သန်းသွားလာခြင်း ခွင့်မပြုကန့်သတ်ဧရိယာ သတ်မှတ်ပေးရန်၊ တာဝန်ရှိသူများက အမြန်ဆုံးတွက်ချက်တင်ပြရန်၊ ရှမ်းပြည်နယ် အစိုးရအနေဖြင့် နိုင်ငံတော်အဆင့်ကို တင်ပြပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ကနဦးအခြေအနေများကို တင်ပြကြရန် မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးသည် ပင်လုံတက္ကသိုလ်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုများ ကြည့်ရှုစစ်ဆေးပြီး (ယာပုံ) လိုအပ်သည်များ မှာကြားသည်။ **လွိုင်လင်မိုး**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် မတ် ၂၉**

ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကယားပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားရာ ပြည်နယ်အတွင်းရှိ မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အချိန်ကာလသတ်မှတ်ပြီး လုပ်ငန်းများပြီးပြတ်အောင် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနမှူး ဦးဝင်းကိုကိုက ပြည်နယ်အတွင်း လယ်ယာမြေစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေနှင့် ပြည်နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြလုပ်ထုံးလုပ်နည်း (SOP) နှင့်အညီ မြေပြင်ကွင်းဆင်း စိစစ်ဆောင်ရွက်ရန် လျာထားဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်၊



ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားများ ပြောကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်(၂)ရန်ကုန်၌ ဘွဲ့နှင်းသဘင် အခမ်းအနားများကျင်းပ

**ရန်ကုန် မတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ (၅၃)ကြိမ်မြောက်၊ (၅၄) ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ယနေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ




ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမိုးဝင့်အောင်နှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်တွင် နေရာယူကြပြီး ဘွဲ့ရကျောင်းသား ကျောင်းသူများက အဓိဋ္ဌာန် ပြုကတိသစ္စာ ရွတ်ဆိုကြကာ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ဆေးပညာဘွဲ့များအတွက် ဆေးတက္ကသိုလ် (၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမိုးဝင့်အောင်က ဘွဲ့များ အသီးသီး အပ်နှင်း၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဆေးတက္ကသိုလ်(၂)ရန်ကုန်ဘွဲ့နှင်းသဘင် အခမ်းအနားများ၌ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၅၀၊ ပါရဂူဘွဲ့ နှစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၉၇ ဦး၊ ဒီပလိုမာဘွဲ့ ၁၃ ဦးနှင့် ဆေးပညာဘွဲ့ ၁၀၆ ဦးတို့ကို လည်းကောင်း၊ (၅၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ တစ်ဦး၊ ပါရဂူဘွဲ့ နှစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၅ ဦးနှင့် ဆေးပညာဘွဲ့ ၉၆ ဦးတို့ကို လည်းကောင်း၊ (၅၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ကိုးဦး၊ ပါရဂူဘွဲ့ ငါးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၆၆ ဦးနှင့် ဆေးပညာဘွဲ့ ၁၉၁ ဦးတို့ကို ဘွဲ့များ အပ်နှင်းချီးမြှင့်သည်။

ယခု ဘွဲ့နှင်းသဘင်အပါအဝင် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ မွေးထုတ်ပေးခဲ့သည့် ဆေးပညာဘွဲ့ရဆရာဝန်ပေါင်း ၁၀၅၇၆ ဦး ရှိခဲ့ပြီး ဆေးလက်တွေ့ပါရဂူဘွဲ့ ၂၇၅ ဦး၊ ပါရဂူဘွဲ့ ၈၆ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၀၈၇ ဦး၊ ဒီပလိုမာဘွဲ့ ၄၆၆ ဦးတို့ကို အောင်မြင်စွာ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ်သွေးလှူဒါန်း

**မင်းဘူး မတ် ၂၉**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးကြောင့် အခြားမြို့နယ်များမှ ထိခိုက်ဒဏ်ရာရရှိသူများအတွက် အရေးပေါ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ သွေးအလှူရှင် ပြည်သူများက လာရောက်လှူဒါန်းသည်။

မတ် ၂၈ ရက်က ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြေပြိုခြင်း၊ အဆောက်အအုံပြိုကျခြင်းနှင့် လူနေအိမ်ထိခိုက်ပျက်စီးခြင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ဆေးဝါးကုသရာတွင် လိုအပ်သောသွေးများကို လှူဒါန်းပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် မင်းဘူးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူများက မင်းဘူးခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် စေတနာအလျောက် သွေးလာရောက်လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းရာတွင် ယနေ့ညနေပိုင်းအထိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင်ပြည်သူ စုစုပေါင်း ၇၀ က မင်းဘူးခရိုင်ပြည်သူ့



ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သွေးအမျိုးအစားများအလိုက် လာရောက်လှူဒါန်းခဲ့ပြီး သွေးအလှူရှင်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများပေးအပ်ကြောင်းနှင့် လှူဒါန်းရရှိခဲ့သော သွေးအလုံး ၇၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များရှိ ဆေးရုံများသို့ အချိန်မီပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ခရမ်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား စားအုန်းဆီများ ဖြန့်ဖြူးရောင်းချပေး

**ခရမ်း မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ နိုင်ငံ့ဝန်ထမ်း ပင်စင်စား (အငြိမ်းစား)များအား စားအုန်းဆီများ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်အရ မတ် ၂၅ ရက်က မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ သွားရောက်ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် နိုင်ငံ့ဝန်ထမ်းပင်စင်စား (အငြိမ်းစား) များအား တစ်ဦးလျှင် စားအုန်းဆီတစ်ပိဿာမှ သုံးပိဿာအထိ ဝယ်ယူခွင့်ရရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၈၃၀၀ နှုန်းဖြင့် ရောင်းချပေးကြောင်းနှင့် ထိုသို့ ရောင်းချပေးရာသို့ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲမှ မန်နေဂျာနှင့်ဘဏ်ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်ခိုင်**



# လပွတ္တာမြို့နယ်၌ နေကြာစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲ ဆောင်ရွက်



**လပွတ္တာ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အောက်ချောင်းကျေးရွာရှိ Super Sun(41) နေကြာမျိုးစိုက်ခင်းကို မတ် ၂၈ ရက်က စံကွက်ရိတ်သိမ်းပွဲ ဆောင်ရွက်သည်။

ဒေသအတွင်း ဆီဖူလုံမှုရရှိရေးအတွက် လပွတ္တာခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဝင်များက အောက်ချောင်းကွင်းအမှတ်-၅၈၁ ဦးပိုင်အမှတ်-၇ ရှိ တောင်သူ ဒေါ်ရင်ရွှေ၏ Super Sun(41)နေကြာမျိုးစိုက်ခင်း ၁၀ ဧကကို စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အစိုတင်း ၃၃ ဒသမ ၈၀၊ အခြောက်အထွက်နှုန်းတင်း ၂၈ ဒသမ ၇၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာရှိ “အလင်းရောင်” စာကြည့်တိုက်ဖွင့်ပွဲကျင်းပ



**ကော့သောင်း မတ် ၂၉**

နှစ်(၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာရှိ “အလင်းရောင်” စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ကျင်းပသည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများက “အလင်းရောင်” စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး(ယာပုံ) ကော့သောင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် အဖွဲ့ဝင်များက “အလင်းရောင်” စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်တစ်ဦးက လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု၍ အလင်းရောင်စာကြည့်တိုက်အတွက် တီဗီဝယ်ယူတပ်ဆင်ရန် အလှူငွေကျပ် ငါးသိန်းကို ကျေးရွာစာကြည့်တိုက်ကော်မတီထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လျှော့ချအန္တရာယ်တုံ့ပြန်ရေး မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းများ ပူးပေါင်းဆောင်ရွက်မည်



**ရန်ကုန် မတ် ၂၉**

ငလျင်အန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက အဆိုပါအသင်း ရန်ကုန်ရုံးခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေး၊ အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Head of Myanmar Delegation Mr. Arnaud de Baecque၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ Head of Delegation Ms.Nadia Khoury နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသည့် ဒေသအချို့တွင် အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ငလျင်အန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိ

## Sky Villa အဆောက်အအုံပြိုကျ၍ ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၄၃ ဦးတို့ကို အသက်ရှင်လျက် ကယ်ဆယ်နိုင်

**ရန်ကုန် မတ် ၂၉**

မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

### ကယ်ဆယ်နိုင်ခဲ့

မီးသတ်ဦးစီးဌာနသည် မတ် ၂၈ ရက်က ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့်မြို့များရှိ နေရာပေါင်း ၅၃ နေရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၂၃၈ ဦးဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၁၄၄ ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၇ ဦးကို အဆောက်အအုံများအတွင်းမှ သယ်ထုတ်နိုင်ခဲ့ကြောင်း၊ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေရာ ၁၃ နေရာ၌ မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၆၀ ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သေဆုံးသူ ခုနစ်ဦးကို သယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။



စင်ကာပူနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များ ကူညီရှာဖွေကယ်ဆယ်ရေး ပူးပေါင်းလုပ်ဆောင်ရန် နေပြည်တော်သို့ရောက်ရှိစဉ်။

ငလျင်ဒဏ်သင့်ခဲ့သော မြို့များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် Medical team အဖွဲ့များသည် ယနေ့ ရောက်ရှိပြီဖြစ်ပြီး စင်ကာပူနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည်လည်း မတ် ၃၀ ရက်မှ စတင်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီ ပါဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

### ရှာဖွေထုတ်ယူ

ငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Sky Villa အဆောက်အအုံပြိုကျ၍ ပိတ်မိနေသူများအား ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းတို့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ၄၃ ဦးတို့ကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ကိုးဦးတို့၏ ရုပ်အလောင်းများအား ရှာဖွေထုတ်ယူခဲ့ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - မီးသတ်ဦးစီးဌာန**

# အင်းလေးကန်အတွင်း ငလျင်ဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် ကျေးရွာများ၌ ကူညီကယ်ဆယ်ရေးနှင့် အားပေးနှစ်သိမ့်မှုများဆောင်ရွက်

**ညောင်ရွှေ မတ် ၂၉**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက ပြင်းထန်စွာလှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် အင်းလေးဒေသအတွင်း သာသနိကအဆောက်အအုံများ၊ လူနေအိမ်များ၊ အစိုးရရုံးဌာနအဆောက်အအုံများ၊ ဟိုတယ်များ၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် ပိုမိုပြင်းထန်စွာခံစားခဲ့ရသည့် အင်းလေးကန်အတွင်းရှိ ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်း ဦးဆောင်သည့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကသွားရောက်၍ ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သောက်သုံးရေများ၊ စားရေရိက္ခာများ ဝေငှခြင်း၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ ဝေငှခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကျေးရွာများအရောက်သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး အားပေးနှစ်သိမ့်မှုများ ဆောင်ရွက်ပေးကြသည်။

အဆိုပါငလျင်ဒဏ်ကြောင့် လတ်တလောအခြေအနေတွင် ညောင်ရွှေမြို့နယ်အတွင်း လူနေအိမ် ၁၀၇၈ လုံး ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပြီး ကျား/မ စုစုပေါင်းဦးရေ ၅၀ သေဆုံး၍ ၂၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ညောင်ရွှေမြို့ တိန့်နန်းဘုန်းတော်ကြီးကျောင်းမှ သိရသည်။

**စိုင်းအယ်ဘဲ**



# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။




၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတော့င်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်၊ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင်ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။




၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။




၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။




**မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် တင်သွင်း/တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်**

၁။ အကောက်ခွန်ဦးစီးဌာနသည် တင်သွင်းတင်ပို့လုပ်ငန်းများနှင့်ဆက်စပ်၍ မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို ရန်ကုန်ဧရိယာ၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသ၊ ချင်းရွှေဟော်နယ်စပ်ဒေသနှင့် တာချီလိတ်နယ်စပ်ဒေသတို့တွင် အသုံးပြုလျက်ရှိပြီး ယခုအခါ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် (၁-၄-၂၀၂၅) ရက်နေ့မှ စတင်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

၂။ မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တွင် MACCS စနစ် အောင်မြင်စွာ အသုံးပြုနိုင်ရေး အတွက် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်သွယ်မှုဆက်စပ်ဌာနများ၊ သက်ဆိုင်ရာမြို့များရှိ ကုန်သည်ကြီးများအသင်းနှင့် ကုန်ပစ္စည်း တင်သွင်း/ တင်ပို့သည့်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း၊ MACCS User များအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ် အသုံးပြုခြင်း (Running Test) တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အကောက်ခွန်ဦးစီးဌာနသည် မြိတ်မြို့၊ ကော့သောင်းမြို့၊ မန္တလေးမြို့တို့နှင့်ဆက်စပ်သည့် ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင် တင်သွင်း/ တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် မြိတ်မြို့၊ ကော့သောင်းမြို့နှင့် မန္တလေးမြို့တို့တွင် တင်သွင်း/ တင်ပို့လုပ်ငန်းများ ဆောင်ရွက်နေသည့်ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများ အနေဖြင့် အကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို (၁-၄-၂၀၂၅) ရက်နေ့မှစ၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက် အမှတ် ၆၉၂၊ဦးပိုင်အမှတ် ၇/ဈ/ ၇၀X၇၁ကြား၊ ၃၉X၄၀လမ်းကြားရှိ ဦးမြသိန်း၊ ဒေါ်ကြည် အမည်ပေါက်ဂရန် မြေကွက်အား ဇနီးဒေါ်ကြည် ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးမြသိန်း ၉/ မရမ (နိုင်)၀၁၆၁၃၅ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ် ဆိုရန် အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃လမ်း၊ အိမ်အမှတ် (၁၁၅၉)နေ ဦးမျိုးညွှန့်၏သမီး မဝင်းသန္တာမျိုး ၁၂/ဥကတ(နိုင်)၁၃၄၈၃၂၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၄၀၃၁၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ ကျွန်မ မထက်စန္ဒီတင်ဦး ၁၂/သလန(နိုင်)၁၆၁၇၄၃ ၏ ဖခင် ဦးတင်ဝင်း(ခ)ဦးတင်ဦး ၁၂/သကတ(နိုင်) ၀၉၉၂၄၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ဝင်း(ခ)ဦးတင်ဦး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ရွှေပြည်စိုးလမ်း၊ မြေကွက်အမှတ်(၁၆၀) အကျယ်အဝန်း (၀.၀၅၇)ကေရှိ ဦးသန်း(၁)(၁၂/တမန(နိုင်)၁၅၁၈၈၆)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ) (မြေကွက်ကြီးမျက်နှာမူလျှင် အလယ်ခြမ်း)ရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက် စပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသော ဦးသက်မောင်ဦး (၁၂/ဒဂရ(နိုင်)၀၀၂၃၀၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ရွှေ(၁၂/ရကန(နိုင်)၀၄၆၅၄၁)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## အလိမ္မာ စာမှာရှိ

## သုံးခွမြို့၊ ရှစ်မျက်နှာစေတီတော်ကြီး ရွှေထီးတော်အသစ် တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲဖိတ်ကြားလွှာ



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့၊ အမှတ်(၄)ရပ်ကွက်၊ (မြို့မဈေး)အနီးရှိ မြို့ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင်ရှစ်မျက်နှာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစီး၍ ရွှေထီးတော်အသစ်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲအခမ်းအနားအား ၂၀၂၅ ခုနှစ်၊ ဧပြီလ (၇)ရက်၊ ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက် နံနက် ၉:၂၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကြွရောက်ကြည်ညိုနိုင်ကြပါရန် ရပ်ဝေးရပ်နီးနေ အလှူရှင်များနှင့် မိတ်သဂ်ဟများအား ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

**ရှစ်မျက်နှာစေတီတော် ဂေါပကအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)မှ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် သထုံမြို့နယ်၊ "သထုံချောင်းတူးဖော်ခြင်း လုပ်ငန်း"အတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း (ပရိမိယံဒီဇယ်ဆီ) ဝယ်ယူနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | (၃-၄-၂၀၂၅)ရက်မှ (၇-၄-၂၀၂၅)ရက်၊ ညနေ(၃:၀၀)နာရီအထိ။ |
| **တင်ဒါတင်သွင်းရမည့်ရက်** | - | (၉-၄-၂၀၂၅)ရက်မှ (၁၁-၄-၂၀၂၅)ရက်၊ ညနေ (၄:၀၀)နာရီအထိ |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - | (၂၅-၄-၂၀၂၅)ရက်၊ (သောကြာနေ့) နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သထုံမြို့။ |
| **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ |

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း - ၀၉-၇၉၄၄၉၂၇၇၆**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အကွက်အမှတ်နှင့်အမည်(RA-I/ကွက်ပြင်-၁)၊ ဦးပိုင်အမှတ်(၈-စ/၁)၊ မြေဧရိယာ(၀.၂၅)ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဒေါ်နန်းခင်ဖုန်းမြင့်မှ မြေငှားဂရန်အမည် ပြောင်း/သက်တမ်းတိုးပေးပါရန် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်နန်းခင်ဖုန်းမြင့်မှ မြေငှားဂရန်၊ အမည်ပြောင်း/ သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်း မူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်၊ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်နှင့်အမည်(၆/ပဒေသာ)၊ ဦးပိုင်အမှတ်(၁-ည)၊ မြေဧရိယာ(၀. ၁၁၀)ဧကရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဒေါ်အေးမြတ်လှိုင်မှ မြေငှားဂရန်အမည်ပြောင်းပေးပါရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒေါ်အေးမြတ်လှိုင်မှ မြေငှားဂရန် အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်၊ ဒီကရီမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂရန်သစ်လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ် စစ-၆၊ ဦးပိုင်အမှတ် ၃၅-က/၁၀၅x၁၀၆ ကြား၊ ၅၄x၅၅ ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးတင်ကြိုင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ငွေးရှင် ၉/မနမ(နိုင်)၀၀၈၅၃၆က တောဂရန်၊သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၂၊ ဦးပိုင်အမှတ် ၃၁/ ၁၁၁X၁၁၂ကြား၊ ၄၇X၄၈ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးစံလွင်(ခ)ဦးစန်းလွင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်အမာတင် ၉/မရတ(နိုင်)၀၃၆၃၉၇က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၅၁၊ ဦးပိုင်အမှတ် ၃-က/၃၇ x ၃၈ ကြား၊ ၇၇ x ၇၈ ကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးလှဝေ ကွယ်လွန်၍ ကျန်ရစ်သောဇနီး၊ ဒေါ်တင်ကြည်ထွန်း ၁/မကတ(နိုင်)၀၂၉၈၇၅ က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

အမှတ်(၂) ရပ်ကွက်၊ ဝေါလမ်း၊ ဘုရားကြီးမြို့ (ပန်းတိုင်မော်ကွန်းကိုယ်ပိုင်အထက်တန်းကျောင်းအနီး) ပဲခူးတိုင်းဒေသကြီးနေ မောင်မျိုးညွှန့် မှ (1) Ocean (2) Oasis (3) Top One (4) Alpha အမည် (၄) မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မောင်မျိုးညွှန့်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြေညာချက် နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မောင်မျိုးညွှန့် ( ၇/ပခန (နိုင်) ၂၄၈၈၀၇ )**
**အမှတ်(၂) ရပ်ကွက် ၊ဝေါလမ်း၊ ဘုရားကြီးမြို့ (ပန်းတိုင်မော်ကွန်းကိုယ်ပိုင်အထက်တန်းကျောင်း အနီး) ပဲခူးတိုင်းဒေသကြီး**
**ဖုန်း-၀၉ - ၆၇၂၇၇၀၉၇၇ / ၀၉ - ၇၇၆၆၂၇၈၂၂**

## အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ဝက်ဝံဈေးကုန်းကျေးရွာ၊ ဝက်ဝံကျေးရွာအုပ်စုနေ ဦးဇော်မင်းနှင့် ဦးသန်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့၊ ဝက်ဝံဈေးကုန်းကျေးရွာ၊ ဝက်ဝံကျေးရွာအုပ်စု၊ မန္တလေး-လားရှိုးလမ်း အထက်တန်းကျောင်းရှေ့ရှိ အရှေ့လားသော် - သစ်တောရုံး၊ အနောက်လားသော်- ဒေါ်ဟာလီမန်၏ ခြံမြေ၊ တောင်လားသော်- မန္တလေး-လားရှိုးလမ်း၊ မြောက်လားသော်-ဦးထွေးခြံမြေစသည့် အလားလာ လေးရပ်အတွင်းရှိ အလျား (၄၀)ပေ၊ အနံ(၇၀)ပေရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဟာလီမန် ထံမှ ဦးဇော်မင်းနှင့် ဦးသန်းဇော်တို့၏ မိခင်ဖြစ်သူ ဒေါ်မြသန်း ၉/မမန(နိုင်)၀၅၈၉၈၂ က ဝယ်ယူခဲ့ပါသည်။ မိခင် ဖြစ်သူ မကွယ်လွန်မီ သားဖြစ်သူ ဦးဇော်မင်းနှင့် ဦးသန်းဇော်တို့အား အထက်ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုအမွေအဖြစ်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးဇော်မင်းနှင့် ဦးသန်းဇော်တို့အမွေအဖြစ်ရရှိသော အထက်ဖော်ပြပါ မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေဝေထွန်း (LL.B)၊ စဉ် - ၁၃၁၅၂ တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၁၁၄၃၅၇၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/ 49608 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေယံ ၉/အမဇ(နိုင်) ၀၅၄၂၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/59241 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းငြိမ်းဖြိုး ၉/အမဇ (နိုင်)၀၅၉၈၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/9593 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀.၈)၊ ဦးပိုင်အမှတ် ၁၀၁(ခဲစင်း)၊ ၆၅x၆၇ ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဦး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၂၁၇/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင် ၉/မနမ(နိုင်)၀၆၆၅၇၇၏ (GP ရရှိသူ ဒေါ်ရွှေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၇၄၇၃/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀.၈)၊ ဦးပိုင်အမှတ် ၁၀၁ (ခဲစင်း)၊ ၆၅X၆၇ကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဦး ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ်(၂၂၁၇/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင် ၉/မနမ(နိုင်)၀၆၆၅၇၇၏ (GPရရှိသူ ဒေါ်ရွှေ)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၇၄၇၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၁)၊ ဦးပိုင်အမှတ် (၅၅)၊ ၅၃လမ်း၊ ၁၁၅x၁၁၆ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထိပ်တင်မြတ် ၉/မနတ(နိုင်)၀၂၆၀၅၄ ၏ (SP ရရှိသူ ဒေါ်ကြည်စိန်(ခ)မမြရင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၇၄၆၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ ဦးပိုင်အမှတ် (၉၇)၊ ၆၈(A)ထောင့်၊ ၁၂၀လမ်းရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်တိုး ၉/မရမ(နိုင်)၀၀၆၂၁၁ ၏(SPရရှိသူ ဒေါ်မိမိမော်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၇၄၈၆/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုး၊ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၄၀ )၊ မာဃလမ်း၊ မြေကွက်အမှတ် ( ၁၇၂ /က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် လျှောက်ထားဆဲအဆင့်ဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ဆွေဆွေဦး ( ၁၂ /ဥကမ(နိုင်) ၂၀၄၄၀၁ ) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L** | **LL.B, D.B.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်–၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၂၀၄)** |

**ဖုန်း:– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/5250 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၇/ပခန(နိုင်)၀၇၂၇၄၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/6153 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီအောင် ၇/ပခန(နိုင်)၂၉၄၆၃၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/29859 ယာဉ်လက်ဝယ်ရှိသူ ဦးလှမိုး ၇/ဝမန(နိုင်)၁၁၆၉၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/47609, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုးဦး ၉/မခန(နိုင်) ၁၄၃၆၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/48667, JJXY–125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/8431, NISSAN MARCH AK12, HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းဝင်း ၁၂/စခန(နိုင်)၀၃၉၅၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

| | | |
|---|---|---|
| ဒေါ်မိုးမိုး | နှင့် | ဦးလေးကြည် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၃၀)၊ အမှတ်(၉၆၈)နေ ဦးလေးကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းစန္ဒာဦး)
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ ဆောလမ်း၊ မြေကွက် အမှတ်-၄၉၂၊ ဦးဖေကြည် (MMN- ၅၂၉၇၈၆) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ဧရိယာ(၂၄၀၀)စတုရန်းပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေx၆၀ပေ) ဧရိယာ(၁၂၀၀)စတုရန်းပေ(ခြေရင်း ခြမ်း)ရှိ မြေကွက်အမှတ် ၄၉၃ နှင့် ကပ်လျက်ခြမ်း၊ ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝေဖြိုးအောင် (၁၂/ဥကတ (နိုင်)၁၅၅၁၅၄)၊ ဒေါ်ယုယုသော် (၁၂/ဆကခ(နိုင်)၀၁၇၁၀၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဉ် – ၅၃၃၆၉)** | **(စဉ် – ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် – ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း – ၀၉-၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ်/အမည်(စ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၆၇)၊ မြေဧရိယာ(၀.၀၅၅)ကေအား မြေငှားဂရန်အမှုတွဲအမှတ် (၈၆၁/၂၀၂၃-၂၀၂၄)အရ(၂၉-၁-၂၀၂၄)မှ (၂၈-၁-၂၀၅၄)အထိ ဦးဝင်းမြင့်အောင်မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေငှားဂရန်ပါ (၀.၀၅၅)ကေရှိမြေအား အမည်ပေါက်သူ ဦးဝင်းမြင့်အောင်ထံမှ ဒေါ်နော်သလဲနာမှ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အမှတ် (၅၃၄/၂၀၂၄)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ဒေါ်နော်သလဲနာ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်/အမည်(အ-၁/ပဒေသာ)၊ဦးပိုင်အမှတ်(၁၅/၁၆)၊ မြေဧရိယာ(၀. ၁၁၀)ကေအား မြေငှားဂရန်အမှုတွဲအမှတ်(၁၁၅/၁၉၉၆-၁၉၉၇)အရ (၁၂- ၆-၁၉၉၆)မှ (၁၁-၆-၂၀၀၆)ထိ ဗိုလ်မှူးသိန်းဇံအမည်ဖြင့် (၁၀)နှစ်မြေငှားဂရန် ရရှိခဲ့ပြီး (၁၁-၆-၂၀၀၆) ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန် ဧရိယာ (၀.၀၈)ကေရှိ မြေအား အမည်ပေါက်သူကိုယ်စား ဦးပြည့်ဖြိုးအောင်(ပြင်ဦးလွင်မြို့နယ်တရားရုံး ဘိလစ်စာရေးကြီး)ထံမှ ကျွန်တော် ဦးဇော်ဇော်မှ ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၀၃၁/၂၀၂၅)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေငှားဂရန်အား ဦးဇော်ဇော် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/ သက်တမ်းတိုး လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်းအမှတ်/အမည်(၂၉-စာရေးကုန်းရပ်) ဦးပိုင်အမှတ် (၇၃-ခ)၊ မြေဧရိယာ (၀.၀၈၇)ကေအား မြေငှားဂရန်အမှုတွဲအမှတ် (၁၀၂၁/၂၀၁၅-၂၀၁၆)အရ (၂၉-၁၁-၁၉၉၃) မှ (၂၈-၁၁-၂၀၂၃) ထိ ဦးဗညားထွန်း အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပြီး (၂၈-၁၁-၂၀၂၃)ရက်တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေငှားဂရန် ဧရိယာ(၀.၀၈၇) ကေရှိမြေအား ဦးဗညားထွန်း အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ကန်ဘဲ့ အလယ်တန်းကျောင်းမှ ဆဋ္ဌမတန်း ဖြေဆိုထားသည့် မသိမ့်သိမ့်ဌေး၏ဖခင် ဦးကျော်စိုး၏ အမည်မှန်မှာ ဦးအောင်ကျော်စိုး ၉/ရမသ(နိုင်)၁၀၆၁၁၇ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်စိုး**

## မိခင်အမည်မှန်

ရမည်းသင်းမြို့၊ ကန်ဘဲ့ အလယ်တန်းကျောင်းမှ သတ္တမတန်းဖြေဆိုထားသည့် မအိအိဖြိုး၏မိခင် ဒေါ်လှမြိုင်၏ အမည်မှန်မှာ မပု ၉/ရမသ(နိုင်)၁၀၆၂၃၃ ဖြစ်ပါကြောင်း။ **မပု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်နှင့်အမည်-AA/မြနန္ဒာ၊ ဦးပိုင်အမှတ်(၅၈)၊ မြေဧရိယာ (၀. ၀၅၅)ကေရှိ မြေကွက်သည် မြို့မြေနေရာချထားရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှ မြို့ကွက်သစ်မြေနေရာချထားပေးသည့် မှတ်တမ်းစာအုပ်အရ ဒေါ်အေးအေးမော်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေ ဧရိယာ(၀.၀၅၅) ကေရှိမြေအား ဒေါ်အေးအေးမော်အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## (၄-၃-၂၀၂၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၁)ပါ ဦးကောင်းထက်လင်း (ခ) ဦးညီညီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးကျော်ဝင်းဟန် (LL.B) (စဉ် - ၃၂၉၆၃)မှ ဒေါ်လီကျင်းရန်(ခ)ဒေါ်စန်းစန်းအေး ၁၃ / လရန(နိုင်)၀၀၁၂၄၀နှင့် အများသိစေရန် ကြေညာချက်သည် မမှန်မကန်ကြေညာခြင်းဖြစ်၍ အဖြစ်မှန်အား အများသိရှိစေရန် ရှင်းလင်းကြေညာခြင်း

ဒေါ်လီကျင်းရန်(ခ)ဒေါ်စန်းစန်းအေး ၁၃/လရန(နိုင်)၀၀၁၂၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်း ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/၊ မြေကွက်အမှတ်၂၁၂၆/၂၁၂၇ဟု အမည်တွင်သော အမှတ်၂၁၂၆/၂၁၂၇၊ ငါးလုံးလက်ဖယ်လမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် အကျယ်အဝန်း (၅၀' x ၅၀')အကျယ်ရှိ ဒုတိယရဲမှူးကြီး ဦးသိန်းဌေးအမည်ပေါက်သော ပါမစ်မြေအမျိုးအစား၊ မြေကွက်အား ဦးကောင်းထက်လင်း (ခ)ဦးညီညီဝင်းသည် ဒုတိယရဲမှူးကြီး ဦးသိန်းဌေးထံမှ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးနောက် ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဒေါ်လီကျင်းရန်(ခ)ဒေါ်စန်းစန်းအေးသည် ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်းထံမှ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေများ အပြီးပေးချေကာ ရောင်းချသည့်မြေကွက်အပါအဝင် မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်း(မူရင်း)များအားလုံးကို မြေကွက်ရောင်းချသူ ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်းက မြေကွက်ဝယ်ယူသူ ဒေါ်လီကျင်းရန်(ခ) ဒေါ်စန်းစန်းအေးအား လက်ရောက်ပေးအပ်၍ ဒေါ်လီကျင်းရန်(ခ) ဒေါ်စန်းစန်းအေးမှ လက်ရောက်ပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီးသော မြေကွက်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဒေါ်လီကျင်းရန် (ခ) ဒေါ်စန်းစန်းအေးသည် အဆိုပါမြေကွက်ကို ၎င်း၏လက်ဝယ်ရရှိကာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိ၍ ဒေါ်လီကျင်းရန်(ခ)ဒေါ်စန်းစန်းအေးမှ ယင်းမြေကွက်အား ဝယ်ယူသူ ဦးအောင်ထွန်းဦး(ခ) စစ်အောင်ချစ်သို့ ရောင်းချခဲ့ပြီးသော မြေကွက်ဖြစ်ပါသည်။ ဤသည်ကို ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ ကြေညာချက်တို့သည် မှန်ကန်မှုမရှိသော ကြေညာချက်များဖြစ်ကြောင်း ဒေါ်လီကျင်း ရန်(ခ)ဒေါ်စန်းစန်းအေးသည် ငွေအတိုးချေးငှားသည့် အလုပ်ကိုသော်လည်းကောင်း၊ အပေါင်ခံသည့်အလုပ်ကိုသော်လည်းကောင်း၊ လုပ်ကိုင်သူတစ်ဦးမဟုတ်ပါ။ အမှန်တကယ်အဖြစ်အပျက်များကိုထိန်ချန်ကာ မမှန်မကန်ကြေညာခြင်းသာဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ အဆိုရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် ပတ်သက်၍ ဦးကောင်းထက်လင်း (ခ) ဦးညီညီဝင်းသည် ဒေါ်လီကျင်းရန် (ခ) ဒေါ်စန်းစန်းအေးအား မြေကွက်ကို အပြီးအပိုင်ရောင်းချခဲ့သော စာချုပ်ပဋိညာဉ်အရ ဒေါ်လီကျင်းရန် (ခ) ဒေါ်စန်းစန်းအေးနှင့် ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်းတို့အကြား အရောင်းအဝယ်ပြုလုပ်ခဲ့သည့် မြေကွက်ကိစ္စသည် ပြီးဆုံးပြီးဖြစ်၍ဦးကောင်းထက်လင်း (ခ)ဦးညီညီဝင်းသည် ယင်းမြေကွက်နှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်ခြင်း အလျဉ်းမရှိတော့ပါ။ ထိုကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေက ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်းထံမှ ဝယ်ယူထားပြီးသောမြေကွက်အား နှစ်ဦးသဘောတူ အရောင်းအဝယ်အပြီးအပိုင် စာချုပ်ချုပ်ဆိုကာ ရောင်းချထားပြီးဖြစ်၍ ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်းသည် ယင်းမြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာစပ်ဆိုင်ခြင်းလုံးဝမရှိတော့ပါ။ ထို့ကြောင့် ဒေါ်လီကျင်းရန်(ခ)ဒေါ်စန်းစန်းအေးမှ ဝယ်ယူလက်ရောက်ရရှိပြီးနောက် ပြန်လည်ရောင်းချထားပြီးသော မြေကွက်အား ဝယ်ယူသူ ဦးအောင်ထွန်းဦး(ခ) စစ်အောင်ချစ်မှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးသည့်အတွက် ဦးကောင်းထက်လင်း(ခ)ဦးညီညီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာချက်ကိုဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဖျက်သိမ်းပေးပါရန်နှင့် မြေကွက်အား နှောင့်ယှက်ဟန့်တားမှုများ မပြုလုပ်ရန် အလေးအနက်တောင်းဆိုလိုက်သည်။ အကြောင်းမဲ့ နှောင့်ယှက်နေပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကောင်းထက်လင်း(ခ) ဦးညီညီဝင်းနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်လီကျင်းရန် (ခ) ဒေါ်စန်းစန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးခိုင်ဇင် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၁၀၀၂၄) လိုင်စင်ရသည့်နေ့စွဲ (၂၉-၇ -၂၀၁၄)**
**ဖုန်း–၀၉-၂၅၄၇၂၃၅၇၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့၊ ခေတ္တရာမြို့သစ် ၅/၄ လမ်း၊ အမှတ်(၁၀၈)နေ ရဲတပ်ကြပ် သန်းဇော်ထိုက်၏သား မောင်ပြည့်ဖြိုးဇော် (ခ)မောင်ဘုန်းထက်ပိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ပြည့်ဖြိုးဇော် (ခ)**
**မောင်ဘုန်းထက်ပိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် P/1821၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/7892, TVS King-200 (200 CC), Three Wheel Vehicle(3X2)Passenger ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနန်းအေး ၇/ဒဥန(နိုင်)၀၉၃၀၅၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/1047, Dong Ben DB 250 ZH-BC 250(T),Three Wheel MC(3X2) Truck Body ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ထွန်း ၉/ခအဇ(နိုင်)၀၃၄၀၀၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/88573, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေဇင်ထက် ၉/ပကခ(နိုင်) ၀၃၀၄၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၀၉၃၃, Honda Dream ND-125M ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၉/သပက(နိုင်)၀၄၆၁၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အမှတ်တံဆိပ်အမည်အမှတ်အသားမူပိုင်ခွင့်ဆိုင်ရာ သတိပေးကြေညာချက်

အမှတ်(၁)၊ ဇောတိကလမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိသော PEACE MYANMAR GROUP COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ် 160607548) သည် အောက်ဖော်ပြပါ အမှတ်တံဆိပ် အမည် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (စာချုပ်အမှတ်-၄/၂၄၄၆)ဖြင့် (၁၈-၃-၂၀၂၅)ရက်တွင် မြွက်ဟကြေညာစာချုပ်ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်-

PYG

(စာချုပ်အမှတ်-၄/၂၄၄၆) (၁၈ ၃-၂၀၂၅)

အထက်ပါအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် International Nice Classification, Services Class 32 ပါ သောက်ရေသန့် အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါအမည်၊ အမှတ်တံဆိပ်တို့၏တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို PEACE MYANMAR GROUP COMPANY LIMITED ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မည်သည့်တစ်ဦးတစ်ဖွဲ့ကမျှ တိုက်ရိုက်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ တုပသုံးစွဲခြင်း၊ အမည်တူ အမှတ်အသားတူ သို့မဟုတ် ဆင်တူယိုးမှား အမှတ်တံဆိပ်တစ်ခုခုကို ပြုလုပ်ခြင်း၊ ပြုလုပ်စေခြင်း၊ မူပိုင်ခွင့် မှတ်ပုံတင်ရန် လုပ်ဆောင်ခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရန် တားမြစ်ပါသည်။

ယင်းသို့တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တွေ့မြင်ကြားသိရပါက ချိုးဖောက်သူ အပေါ်တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေအောင်ခိုင် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၁၅၉၂၁/၂၀၁၉)**
**တိုက် ၂၁၊ အခန်း ၆၇၊ ပြည်ရိပ်မွန်အိမ်ရာ၊ ၇ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၇၃၆၃၈၈**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၂/ သစ်ပင်ထောင်ကျောင်း)၊ မြေကွက်အမှတ်(၃၄)၊ ဧရိယာ(၀.၁၀၂)ဧကရှိ အိမ်မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူပိုင်ဆိုင်ထားသူဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခွန်ထွန်းမောင် (ဘ) ဦးထွက်ပေး ၁၃/တကန(နိုင်)၀၂၅၈၃၉၊ အိမ်အမှတ်(၇၆)၊ ဒေစီလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့မှဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ဒေါ်တင်တင်ညို ၁၃/တကန(နိုင်)၂၂၉၇၄၈၊ အမှတ်(၅၆/၁၀၁)၊ သေ့ခဘုံလမ်း၊ အမှတ်(၂)ရပ်ကွက်၊ အေးသာယာမြို့မှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ညို**
**၁၃/တကန(နိုင်)၂၂၉၇၄၈**
**ဖုန်း-၀၉-၄၂၈၃၂၆၇၁၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၇၊ ဦးပိုင်အမှတ် ၃၁၊ ၄၀x၄၁ လမ်းကြား၊ ၅၅x၅၆ လမ်းကြားရှိ ဗိုလ်ကြီးဥာဏ်ထွန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးရန်ကြိမ်ရုံက တရားပြိုင် ဗိုလ်ကြီး ဉာဏ်ထွန်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် မဟာအောင်မြေမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးရန်ကြိမ်ရုံ ၁၃/သခန(နိုင်)၀၃၄၁၆၁က ဂရန်စာချုပ် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် နန-၂၁၊ ဦးပိုင်အမှတ် ၄၄၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြား၊ ၆၇x၆၆ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၄၆၈/၉၀-၉၁) အရ ဦးမြင့်ဆွေ ၉/မရမ(နိုင်)၀၂၆၃၇၇ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင်အတည်ပြု မှတ်သားပေးပါရန် ဒေါ်ကြည်ကြည်မြင့် ၉/မရမ(နိုင်)၀၅၉၈၈၄မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဂ ရပ်ကွက်၊ အကွက်အမှတ် အ-၁၅၊ ဦးပိုင်အမှတ် ၄၇/ ၆၅x၆၇ကြား၊ ကုသိုလ်တော် xမင်းကြီးရန်နောင်လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးမောင်မောင်တင် ၉/ပသက (နိုင်) ၀၆၄၆၆၆ က မြေချထားမိန့်မူရင်းနှင့် မြေဖိုး၊ လမ်းဖိုးမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀။)**
**ပဲခူးခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂**

ဦးအေးစစ်နိုင်ဦး **နှင့်** ရဲမှူးမြင့်မောင်(ငြိမ်း)
**တရားလို။** **တရားပြိုင်။**

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ကျွန်းသာယာရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ရဲမှူးမြင့်မောင်(ငြိမ်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးအေးစစ်နိုင်ဦးက "အိမ်နှင့်ခြံမြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၁) ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၂၄) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မဏိစည်သူလမ်း၊ အမှတ်(၂၂၅၇/က)၊ အကျယ်အဝန်း (အလျား ၂၀ပေX အနံ ၆၀ပေ)ရှိ ဦးလှထွန်း(CG-087797)နှင့် ဦးဝင်းမြင့် ၁၂/တမန(နိုင်)၀၂၂၆၆၉ အမည်ပေါက်ပါမစ်မူရင်း မြေကွက်ကိုရောင်းချသူ ဦးဖေမြင့်ဝင်း ၁၂/မဂတ(နိုင်)၀၁၄၅၁၀)မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်ရီ ၁၂/သဃက(နိုင်)၁၃၄၂၃၂က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်တင်ရီ** | **ဒေါ်သဲဆုဝင်းလှိုင် (LL.B)** |
| **(၁၂/သဃက(နိုင်)၁၃၄၂၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၇၃)** |
| | **အမှတ်(၁၈၁၃)၊ မင်းရဲကျော်စွာ(၁)လမ်း၊** |
| | **(၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၈၅၅၅၃၂၂၂၁၊ ၀၉ -၈၅၅၅၃၂၂၂၃** |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာအုပ်စု၊ ရေခြံစုရွာ၊ ၂လမ်းနေ ကျွန်မ ဒေါ်တင်မိုးခိုင် ၉/ပဥလ(နိုင်)၀၀၉၄၈၀ ၏သားဖြစ်သူ မောင်မင်းမော်ဟိန်း(ခ)ချားကိုးလ် ၉/ပဥလ(နိုင်)၀၀၁၃၃၆ သည် မိခင်ဖြစ်သူအား အကြောင်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်နှိပ်စက်နေပြီး ဇနီးဖြစ်သူအပေါ်တွင်လည်း လူမှုရေးဖောက်ပြန်မှုများ ကျူးလွန်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

